ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် )**

**[အင်္ဂါနေ့]**

**အခမ်းအနားမှူး**။ ။ပြည်ထောင်စုဝန်ကြီးများနဲ့ ယနေ့ မေးခွန်းမေးမြန်းမယ့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အဆိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီနေ့ ကျွန်တော်တို့ အသံပိုင်းဆိုင်ရာစနစ် နည်းနည်းချို့ယွင်းနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးများရော၊ ကိုယ်စားလှယ်များအတွက်ကို ဝန်ထမ်းများကနေ ပြီးတော့ FM မိုက်များ လာရောက်ပြီးတော့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အဲဒီ FM မိုက်နဲ့ပဲ ကျွန်တော်တို့ အသုံးပြုပေးဖို့ ကြိုတင်တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျာ။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့(၉၀.၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၁၆-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစောမိုးမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ မဲဆန္ဒနယ်ရှိကိစ္စဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်ပခရီးသွားရောက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ရန်။ ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ (၂၁)ရာစုပင်လုံညီလာခံ အကြိုညှိနှိုင်းပွဲတက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်နေသော တိုင်းရင်းသား အစီအစဉ်တွင် နာဂတိုင်းရင်းသား အစီအစဉ် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နေ့စဉ် ထုတ်လွှင့်နေသော တိုင်းရင်းသားအစီအစဉ်တွင် နာဂ တိုင်းရင်းသားအစီအစဉ် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးမင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ် တွင် နာဂတိုင်းရင်းသား အစီအစဉ် ထည့်သွင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၏ အနောက်မြောက်အစွန်းမှာ နေထိုင်ကြသော နာဂတိုင်းရင်းသားများသည် အုပ်ချုပ်ရေးလက်လှမ်းမမီ သောကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့်လည်းကောင်း၊ အခြား တိုင်းရင်းသားလူမျိုးများထက် ခေတ်အဆက်ဆက် အသိပညာဖွံ့ဖြိုးမှုနှင့် ပညာရေးဖွံ့ဖြိုးမှု၊ တိုးတက်မှု လွန်စွာနွေးကွေးလျက်ရှိပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ)တွင် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ပါဝင်သော စီးပွားတိုးတက်ရေးအတွက် ကူညီစောင့်ရှောက်မည်ဟုလည်း ကောင်း ပါရှိပါတယ်။ မဲဆန္ဒရှင်ပြည်သူများ၏ တောင်းဆိုနေကြသောအချက်ကို ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ နေ့စဉ်ထုတ်လွှင့်နေသော တိုင်းရင်းသား အစီအစဉ်တွင် နာဂတိုင်းရင်းသား အစီအစဉ် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ခွင့်ပြုမည်ဆိုတာ သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် ရဲ့ မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားဟာ တိုင်းရင်းသားများနေထိုင်ရာ ဒေသအသီးသီးမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်တင်ပြနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းတစ်လိုင်း ထုတ်လွှင့်နိုင်ဖို့ ပြည်နယ်အသီးသီးမှာရှိတဲ့ စာပေနဲ့ယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ရှိသူများနဲ့ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ပထမအကြိမ် အစည်းအဝေးကို ၁၀-၃-၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၆-၅-၂၀၁၃ ရက်နေ့တွင်လည်းကောင်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေး ခန်းမမှာ ကျင်းပခဲ့ပါတယ်။ တတိယအကြိမ် အစည်းအဝေးကို မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား ရန်ကုန် အစည်းအဝေးခန်းမမှာ ၃၁-၇-၂၀၁၃ ရက်နေ့၌ တိုင်းရင်းသားဘာသာအသီးသီးမှ သက်ဆိုင်ရာ စာပေနဲ့ယဉ်ကျေးမှုအဖွဲ့များရဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနဲ့ ထပ်မံတွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။ အကြိမ်ကြိမ် တွေ့ဆုံခဲ့ပြီးနောက် ၁၅-၁၀-၂၀၁၃ ရက်နေ့ ကစတင်ပြီး တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းကို တိုင်းရင်းသားဘာသာ (၁၁)ဘာသာ၊ ရခိုင်၊ ရှမ်း၊ ဝ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်တို့ဖြင့် ပြည်နယ်များကို ကိုယ်စားပြုပြီး နေ့စဉ် နံနက်(၆)နာရီက ည(၂၃)နာရီအထိ တစ်ရက်လျှင် (၁၇)နာရီ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။

ထိုသို့ထုတ်လွှင့်ရာမှာ တိုင်းရင်းသားဘာသာများကို (၄)လတစ်ကြိမ် အကွာရာစဉ်အလိုက် အချိန်ပြောင်းလဲထုတ်လွှင့်ပေးလျက်ရှိပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား တိုင်းရင်းသားရေဒီယို အစီအစဉ်ကိုလည်း နံနက်(၅)နာရီခွဲက ည(၂၃)နာရီခွဲအထိ အထက်မြန်မာပြည်အတွက် လှိုင်းတိုလွှင့်စက်၊ အောက်မြန်မာပြည်အတွက် နေ့စဉ် နံနက်(၅)နာရီခွဲက ည(၂၂း၃၀) နာရီအထိ လှိုင်းလတ် လွှင့်စက်ဖြင့် လည်းကောင်း၊ တိုင်းရင်းသားဘာသာ (၁၇)ဘာသာ ရှမ်း၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ ရခိုင်၊ ဝ၊ ကိုးကန့်၊ ပအိုဝ်း၊ ဓနု၊ ကချင်၊ ဂေဘား၊ မွန်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ စကောကရင်၊ ကယား၊ ကယန်း၊ ဂေခိုတို့နဲ့ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားအနေနဲ့ Analogue စနစ်က Digital စနစ်ကို ပြောင်းလဲထုတ်လွှင့်ဖို့ စနစ်တကျ အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာမှာ ၂၀၂၀ ခုနှစ်မှာ တစ်နိုင်ငံလုံး ဖြန့်ကြက်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီလို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာမှာ အခု တတိယအဆင့်မှာ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဒါ တတိယအဆင့် ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ တတိယအဆင့်အပြီးမှာ DVB T 2 ရုပ်သံ ထပ်ဆင့်လွှင့်စက်ရုံ (၁၄၄)ရုံကနေ Digital စနစ်ဖြင့် ထုတ်လွှင့်နိုင်ပြီဖြစ်ရာ တိုင်းရင်းသားရုပ်သံလိုင်း အစီအစဉ်များ လည်း ထည့်သွင်းထုတ်လွှင့်လျက်ရှိပါတယ်။ အလားတူ FM လွှင့်စက်ရုံ (၇၈)ရုံကိုလည်း တတိယ အဆင့်မှာ အပြီးတည်ဆောက်နိုင်ခဲ့ပြီး ထုတ်လွှင့်လျက်ရှိပါတယ်။ ဒါပေမယ်လို့ အခုလက်ရှိအချိန်မှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ DVB T 2 ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ထားခြင်း မရှိ သေးပါဘူး။ လာမယ့် ၂၀၁၉-၂၀၂၀ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ အဆိုပါထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက် ဖို့အတွက် လျာထားချက်ရှိပါတယ်။ အဲဒီ ထပ်ဆင့်လွှင့်စက်ရုံတည်ဆောက်ရာမှာ လွှင့်အားအပေါ်မှာ မူတည်ပြီး ထုတ်လွှင့်ပေးမယ့်ဒေသမှာ မဟာဓာတ်အားလိုင်း သို့မဟုတ် လျှပ်စစ်မီးပုံမှန်ရရှိနိုင်မှု အခြေအနေ၊ လူဦးရေထူထပ်မှု၊ လွှင့်အားပျံ့နှံ့နိုင်မှုစတဲ့ အချက်အလက်များကို အခြေခံပြီးတော့ ထုတ်လွှင့်လိုတဲ့ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားနဲ့ မြန်မာဘာသာစကားတို့ကို ကျွမ်းကျင်စွာ

ရေးသားပြောဆိုဘာသာပြန်ထုတ်လွှင့်နိုင်မယ့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဝန်ထမ်းရရှိနိုင်မှု၊ အဲဒီအခြေအနေများအတွက် လိုအပ်တဲ့ အုပ်ချုပ်ထောက်ပံ့မှုနဲ့ ဘတ်ဂျက်လျာထားမှု၊ ဘတ်ဂျက်ရရှိနိုင်မှု အခြေအနေတွေသာမက လိုအပ်တဲ့စက်ပစ္စည်းများရရှိတပ်ဆင်နိုင်မှု အခြေအနေများကိုပါ ထည့်သွင်းတွက်ချက်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူပဲ အသစ်ထပ်မံထုတ်လွှင့်ပေးရမယ့် တိုင်းရင်းသားဘာသာအတွက် လက်ရှိထုတ်လွှင့်လျက်ရှိတဲ့ တိုင်းရင်းသားဘာသာစကားများရဲ့ ထုတ်လွှင့်ချိန်များထဲမှ ထုတ်နုတ်ခွဲဝေ မျှတပေးရမယ့် ထုတ်လွှင့်ချိန်ကိုပါ ချိန်ဆတွက်ချက်ရပါတယ်။

သို့ဖြစ်ပါ၍ အနာဂတ်ကာလမှာ အထက်ပါထည့်သွင်း စဉ်းစားရမယ့် အချက်အလက်များနဲ့ ပြည့်စုံကိုက်ညီမှုရှိပြီး DVB T 2 ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပြီးစီးတဲ့အချိန်မှာ နာဂ တိုင်းရင်းသားဘာသာ အစီအစဉ်ကိုလည်း ထပ်မံတိုးချဲ့ထုတ်လွှင့်သွားနိုင်ရေးအတွက် လျာထားပြင်ဆင် ဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ မီးရထားလမ်းဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ(၄၀၂)ဦး၊ စိုက်ပျိုးမြေ(၄၈၉.၈၁)ဧကအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေးငွေစုစုပေါင်းကျပ် (၉၉၆,၁၇၉,၀၀၀) [ကိုးထောင့်ကိုးရာ ခြောက်ဆယ့်တစ်သိန်း ခုနစ်သောင်း ကိုးထောင်] ကို ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ မီးရထားလမ်းဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ(၄၀၂)ဦး၊ စိုက်ပျိုးမြေ(၄၈၉.၈၁)ဧကအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေးငွေစုစုပေါင်းကျပ်(၉၉၆,၁၇၉,၀၀၀)[ကိုးထောင့်ကိုးရာ ခြောက်ဆယ့်တစ်သိန်း ခုနစ်သောင်း ကိုးထောင်]ကို ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါ။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းက မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ

မီးရထားလမ်းဖောက်လုပ်ရာတွင် သိမ်းဆည်းခံမြေများအတွက် တောင်သူများအား နစ်နာကြေး၊ လျော်ကြေးထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်မလုံလောက်ပါက (၂)မိနစ်ခန့် တိုးပေးပါရန် ပန်ကြားအပ်ပါတယ်။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မီးရထားလမ်း ဖောက်လုပ်ရာမှာ ကျွန်တော်တို့ မီးရထားလမ်းသက်သက်အနေနဲ့ ကျေးရွာ (၂၆)ရွာ၊ မြေဧကအနေနဲ့ (၃၇၅.၄၆)၊ နစ်နာကြေးအနေနဲ့(၈၆၈,၃၀၉,၃၀၀)ကျပ် ဖြစ်ပါတယ်။ နောက် ဘူတာရပ်ဝန်းအသုံးချမှု အနေနဲ့ ကျေးရွာအုပ်စု(၁၁)အုပ်စု၊ မြေဧရိယာ(၅၄.၅၈)၊ ငွေကြေးအနေနဲ့ (နစ်နာကြေး+လျော်ကြေး) (၁၂၇,၈၆၉,၃၀၀)ကျပ် ဖြစ်ပါတယ်။ စုစုပေါင်းအနေနဲ့ဆိုရင် ကျေးရွာအုပ်စု(၃၇)အုပ်စု၊ မြေဧရိယာ (၄၃၀.၁၄)ဧကအတွက် (နစ်နာကြေး+လျော်ကြေး) (၉၉၆,၁၇၉,၀၀၀)ကျပ် ကုန်ကျမယ်ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ တွက်ချက်မှုအနေနဲ့ဆိုလို့ရှိရင် လယ်မြေတစ်ဧကကို နစ်နာကြေး(၆)သိန်း၊ သီးနှံ လျော်ကြေးက(၁၉)သိန်း၊ ယာမြေတစ်ဧကကို နစ်နာကြေး (၆၃၀၀၀၀)၊ သီးနှံလျော်ကြေး(၁၅)သိန်းနှုန်းနဲ့ တွက်ချက်ထားပါတယ်။ အသေးစိတ် တွက်ချက်မှုကိုတော့ အချိန်ကိုလေးစားသောအားဖြင့် မေးခွန်းမှာ ပူးတွဲတင်ပြထားပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆင့်မေးမြန်းလိုသည်ကတော့ သက်ဆိုင်ရာဝန်ကြီး ဌာနအနေနဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ မီးရထားလမ်းဖောက်လုပ်ရာ တွင် မြေယာဆုံးရှုံးခဲ့သော တောင်သူ(၄၀၂)ဦး၊ စိုက်ပျိုးမြေ(၄၃၀.၁၄)ဧကအတွက် နစ်နာကြေးနှင့် သီးနှံ လျော်ကြေး စုစုပေါင်းကျပ် (၉၉၆,၁၇၉,၀၀၀) [ကိုးထောင့်ကိုးရာ ခြောက်ဆယ့်တစ်သိန်း ခုနှစ်သောင်း ကိုးထောင်]ကို ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ အကယ်၍ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထုတ်ပေးမည်ဖြစ်ပါကြောင်း သိရှိလိုပါ၍ တောင်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် ပြည်သူများ၏အသက် ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ် စောင့်ရှောက်သည့်အနေဖြင့် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကို ယခုထက် ပိုမို ကောင်းမွန်အောင် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လတ်တလောရေကြောင်းခရီးကို အသုံးပြုနေကြသော ကျောင်းသားလူငယ်များ၏ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် စက်လှေ၊ မော်တော်များတွင် အသက်ကယ်ဝတ်စုံများကို လုံလောက်စွာထားရှိပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် ပြည်သူများ၏ အသက် ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကို ယခုထက် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လတ်တလော ရေကြောင်းခရီးကို

အသုံးပြုနေကြသော ကျောင်းသားလူငယ်များ၏ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် စက်လှေ၊ မော်တော်များတွင် အသက်ကယ်ဝတ်စုံများကို လုံလောက်စွာ ထားရှိပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရခိုင်ပြည်နယ်မှာ ကလေးသူငယ်များ၊ ကျောင်းသား၊ ကျောင်းသူအပါအဝင် အများပြည်သူများရဲ့ အသက်ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ဖို့အတွက် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကို ယခုထက် ပိုမိုကောင်းမွန်အောင်လုပ်ပေးရန် ရှိ/မရှိ နှင့် လတ်တလော ရေကြောင်းခရီးကို အသုံးပြုနေကြတဲ့ ကျောင်းသူ၊ ကျောင်းသားများရဲ့ အသက်အန္တရာယ်ကို ကာကွယ်ဖို့ရန်အတွက် အသက်ကယ်ဝတ်စုံများ စက်လှေ၊ မော်တော်များတွင် ထားရှိရန် ရှိ/မရှိ မေးခွန်းကို ဒေသခံပြည်သူများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။

ကျွန်မတို့ ရခိုင်ပြည်နယ်ဟာ မြစ်ချောင်းများ ပေါများပြီးတော့ လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့အပြင် ခက်ခဲတဲ့ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ တစ်ရွာမှ တစ်ရွာကို သွားလာတဲ့အခါမှာလည်းကောင်း၊ တစ်မြို့မှ တစ်မြို့ သွားတဲ့အခါမှာလည်းကောင်း လှေ သို့မဟုတ် စက်လှေများကိုအသုံးပြုပြီးတော့ ခက်ခက်ခဲခဲသွားလာနေရပါတယ်။ အဲဒီလို သွားလာတဲ့အခါမှာ ပြည်သူများအနေဖြင့် လွန်စွာ အခက်အခဲရှိပြီးတော့ အသက်အန္တရာယ်လည်း ရှိပါတယ်။ အထူးသဖြင့် မိုးရာသီမှာဆိုရင် ပိုပြီးတော့ အန္တရာယ်ပိုများပါတယ်။ မိုးဦးကာလအပါအဝင် မိုးတွင်းကာလတွေမှာ လေပြင်းတိုက်ခတ်ပြီးတော့ လှိုင်းလည်းကြီးတတ်ပါတယ်။ ရံဖန်ရံခါမှာ မုန်တိုင်းများဖြစ်ပြီးတော့ လှိုင်းကြီးထန်မှုများတွေ့တဲ့အခါမှာ အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရပါတယ်။ ရခိုင်ပြည်နယ် ကျေးရွာများမှာ စက်လှေမှောက်ပြီးတော့ ပြည်သူအများအပြား အသက်ဆုံးရှုံးရတဲ့ အကြောင်းအရာတွေကို သတင်းမီဒီယာများမှတစ်ဆင့် ကြားသိရမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့က သောကြာနေ့ မှာဆိုလို့ရှိရင် အောင်တံခွန်(၃)ဟာ ကျွန်မတို့ ကျောက်ဖြူနယ်နိမိတ်အတွင်းမှာနေပြီးတော့ မြုပ်သွားပြီးတော့ ပြည်သူပေါင်းမြောက်မြားစွာ ကျွန်မတို့ အသက်ဆုံးရှုံးရပါတယ်။ ဒီလိုမျိုး ဆုံးရှုံးရတဲ့အကြောင်းအရင်းက ကျွန်မတို့ ပြည်တွင်းသွားလာနေကြတဲ့သင်္ဘောတွေ၊ လှေတွေမှာ လူအဆမတန်တင်တာတို့ သင်္ဘောတွေ၊ လှေတွေက အိုဟောင်းနေတာတို့နဲ့ ပတ်သက်ပြီးတော့ ဖြစ်တာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်း အ.ထ.က ပိုးရှိပြင် ကို ကျောင်းတက်လာကြတဲ့ ကံ့ကော်ရွာက ကျောင်းသူ၊ ကျောင်းသားများဟာလည်း ဒီ ပိုးရှိပြင် ကျောင်းကြို၊ ပို့ ကူးတို့ကိုစီးပြီးတော့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ မြန်မာတစ်နိုင်ငံလုံး အခြေခံပညာကျောင်းများ စဖွင့်တဲ့နေ့မှာပဲ ဇွန်လ ၁ ရက်နေ့ မွန်းလွဲပိုင်းမှာ

ကျောင်းသား၊ ကျောင်းသူ(၃၅)ဦးဟာ ရေမြုပ်ခဲ့ရာမှာ (၂၈)ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီးတော့ ကျွန်မတို့ ကျန်(၇)ဦးကတော့ အသက်ဆုံးရှုံးခဲ့ရတာကို ကျွန်မတို့ ရင်နင့်ဖွယ်တွေ့ရှိရပါတယ်။ ဒါဘာကိုဖော်ပြသလဲဆိုလို့ရှိရင် ကျွန်မတို့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ ကျွန်မတို့ပြည်နယ်မှာ ဆိုလို့ရှိရင် ပညာရှာတဲ့အခါမှာ ကျွန်မတို့ အသက်အန္တရာယ်ကို လွယ်ပြီးတော့မှ ပညာရှာနေရတာ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ရဲ့ အခြေခံမူမှာ ကျွန်မတို့ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်တဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားရှိပါတယ်။ ကျွန်မတို့ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာဆိုလို့ရှိရင် ဒီ သွားလာရလွယ်ကူဖို့၊ သက်သောင့်သက်သာရှိဖို့၊ လုံခြုံဖို့၊ သန့်ရှင်းဖို့၊ မြန်ဆန်ဖို့ ဒါ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာနေပြီးတော့ သွားလာရခက်ခဲတဲ့နေရာတွေ ပိုပြီးအဆင်ပြေဖို့ဆိုလို့ရှိရင် အခု ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ ပိုပြီးတော့ လျှင်မြန်တဲ့ ယာဉ်တွေကို အသုံးပြုနေကြပါတယ်။ ကျွန်မတို့လို ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံတွေမှာကျလို့ရှိရင် အသက်အန္တရာယ်လုံခြုံဖို့ကိုပင် ကျွန်မတို့ မနည်းကြိုးစားပြီးတော့ လုပ်နေရပါတယ်။ ဒီ လမ်းပန်းဆက်သွယ်ရေးဟာ နိုင်ငံတစ်နိုင်ငံရဲ့ အရေးအကြီးဆုံးအခြေခံအဆောက်အအုံပါ။ ပညာသင်ကြားခွင့်ရရှိဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိဖို့၊ ရောင်းဝယ်ဖောက်ကားမှု မိသားစုဝင်ငွေအတွက် ရောင်းဝယ်ဖောက်ကားမှု ရရှိဖို့ဆိုလို့ရှိရင်၊ နောက်တစ်ခုက ကျွန်မတို့ ဒီ ဆင်းရဲတွင်းထဲက လွတ်မြောက်ဖို့ဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေးဟာ မဖြစ်မနေမြှင့်တင်ရမယ့်အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်အနေနဲ့ ပြည်နယ်တွေမှာ ဘတ်ဂျက်ကို ခုနှစ်အလိုက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ Master Plan တွေထားပြီးတော့ ကျွန်မတို့လုပ်ဆောင်သင့်တယ်ဆိုတာကို ကျွန်မတင်ပြလိုပါတယ်။ အမေရိကန်နိုင်ငံမှာနေပြီးတော့ American Public Transportation Association အရဆိုလို့ရှိရင်၊ အများသူငှာအသုံးပြုတဲ့ သွားလာရေးအတွက် တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံခြင်းဟာ နောက်ထပ် လေးဒေါ်လာ အဲဒီနိုင်ငံကို ပြန်လည်ရရှိပါတယ်။ တစ်ဘီလီယံက လမ်းပန်းဆက်သွယ်ရေးမှာ ရင်းနှီးမြှုပ်နှံမှုကနေပြီးတော့ အလုပ်ပေါင်း(၅)သောင်းကျော်ကို ဖန်တီးပေးနိုင်ပါတယ်။ (၁၀)ဘီလီယံ ကျွန်မတို့ ဒီ Capital Investment လုပ်လို့ရှိရင်ကတော့ အဲဒီနိုင်ငံရဲ့ စီးပွားရေးမှာ (၃၀)မီလီယံအထိ မြှင့်တက်နိုင်တယ်ဆိုတဲ့ သူတို့ဆီမှာ ဒီ Report တွေ ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ ဒီ ကျောင်းသား၊ ကျောင်းသူတွေမို့ ပညာသင်ကြားခွင့် မဆုံးရှုံးရလေအောင် အဲဒီ ကျောင်းသား၊ ကျောင်းသူများအပါအဝင် ပြည်သူများရဲ့ အသက်အန္တရာယ်မှ ကာကွယ်စောင့်ရှောက်တဲ့အနေနဲ့ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရခိုင်ပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးကို ကျောင်းသူ၊ ကျောင်းသားများရဲ့ အသက်အန္တရာယ်ကိုကာကွယ်ဖို့အတွက် အသက်ကယ်ဝတ်စုံများ၊ ပဲ့ထောင်စက်လှေ၊ မော်တော်များမှာ လုံလောက်စွာထားရှိပေးရန် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ပထမဆုံး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော့်အနေနဲ့ အရင်ဆုံးဖြေကြားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ မီးရထားလမ်း ဖောက်လုပ်ရာမှာ မြေယာဆုံးရှုံးခဲ့တဲ့ တောင်သူ(၄၀၂)ဦး၊ စိုက်ပျိုးမြေ(၄၈၉.၈၁)ဧကအတွက် နစ်နာကြေးနဲ့သီးနှံလျော်ကြေးငွေ စုစုပေါင်း(၉၉၆.၁၇၉)သန်းကို ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကိစ္စနဲ့ပတ်သက်လို့ ဒီမကွေးတိုင်း လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီကနေပြီးတော့ မင်းဘူးခရိုင်၊ စလင်းမြို့နယ်အတွင်းမှာ မြန်မာ့မီးရထားက သိမ်းဆည်းလယ်ယာမြေ ဘယ်လောက်လဲလို့ တွက်လိုက်တဲ့အခါမှာတော့ တောင်သူပေါင်း(၆၂၁)ဦး၊ ပိုင်ဆိုင်သောမြေဧကပေါင်း(၄၃၀.၀၄)ဧက ဖြစ်ကြောင်းနဲ့ သိမ်းဆည်းမြေများအတွက် လျော်ကြေးငွေဟာ (၉၉၆.၁၇၉)သန်း ဖြစ်ကြောင်း အတည်ပြုထားခဲ့ပါတယ်။

အဲဒီအတည်ပြုချက်က နောက်ကျတယ်။ ဘယ်လိုဖြစ်လဲဆိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းအတွက် မြေယာလျော်ကြေး သန်း(၁၀၀၀)ပါပါတယ်။ အဲဒီ သန်း(၁၀၀၀)မှာ မကွေးတိုင်းဒေသကြီးရဲ့ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီရဲ့အတည်ပြုချက်အရ ပထမဆုံးအတည်ပြုပေးတဲ့ ပွင့်ဖြူ၊ ဆိပ်ဖြူ၊ မင်းလှ၊ ပခုက္ကူ၊ ဆင်ပေါင်ဝဲတွေမှာ ပါသွားတဲ့သိမ်းဆည်းမြေတွေအတွက် လျော်ကြေးငွေ(၉၂၆.၇၅၀)သန်းကို ကာယကံရှင်များကို ပေးချေခဲ့ပါတယ်။ အဲဒီတော့ ခွင့်ပြုဘဏ္ဍာငွေလက်ကျန်က အဲဒီအချိန်မှာ (၇၃.၂၄၉၄၅)သန်း၊ (၇၃)သန်းကျော်ပဲ ကျန်ပါတော့တယ်။ ကျန်တဲ့အခါကျတော့ အဲဒီမှာမှ ဒီ စလင်းမြို့နယ်အတွက် ရောက်လာတာ ဖြစ်ပါတယ်။ အဲဒီ စလင်းမြို့နယ်ရဲ့အတည်ပြုချက်ရတော့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ စီမံကိန်းအင်ဂျင်နီယာ ကြံခင်း-ပခုက္ကူ ကနေပြီးတော့ စလင်းမြို့နယ် စိစစ်ရေးကော်မတီကို သွားတွေ့ပါတယ်။ အခု ကျွန်တော်တို့မှာတော့ (၇၃)သန်းပဲ ကျန်တော့တယ်။

အဲဒီတော့ တချို့တစ်ဝက်ပေးနှင့်မှာလား ဆိုပြီးတော့ သွားပြီးတော့ ညှိနှိုင်းပါတယ်။ ညှိနှိုင်းတဲ့အခါကျတော့ ကော်မတီက အားလုံးတစ်ပြိုင်တည်းပေးမှသာဖြစ်မှာ။ ကျေးရွာအချို့ကို ဦးစားပေးပြီး ခွဲပြီးပေးချေဖို့တော့ မဖြစ်နိုင်ဘူးဆိုပြီးတော့ သူက လက်မခံလိုက်ဘူး။ လက်မခံလိုက်တော့ လက်ကျန်ငွေကို စလင်းမြို့နယ်က လက်မခံတော့ ကြံခင်းကို သွားညှိတယ်။ သွားညှိတော့ ကြံခင်း မြို့နယ်ကတော့

ဘယ်လောက် ရ ရ၊ ရတာယူနှင့်မယ်ဆိုပြီးတော့ ကြံခင်းကနေပြီးတော့ ပထမအရစ်ကို ယူလိုက်ပါတယ်။ အဲဒါ ၂၀၁၅-၂၀၁၆ မှာဖြစ်ခဲ့တာပါ။ တစ်ခါ ၂၀၁၆-၂၀၁၇ ကျတော့ ဘဏ္ဍာငွေတွေက ဖြတ်တောက်ခံရပြီးတော့ ကြံခင်း-ပခုက္ကူ ဆောက်လုပ်ရေးစီမံကိန်းအတွက် မြေယာလျော်ကြေးပေးဖို့ရာ သန်း(၇၀၀)ပါ ပါတယ်။ တကယ်တမ်း သူတို့လိုတာက(၉၉၆)သန်း၊ ပေးရမှာက ရှိတာက သန်း(၇၀၀)၊ အဲဒီမှာ မလောက်ပြန်ဘူး။ မလောက်တဲ့အခါကျတော့ ဒီ ကြံခင်းကလည်းပဲ သူ့ကို ပထမအရစ်ပေးထားတဲ့ အတွက်ကြောင့်မို့ နောက်အရစ်ကို ဆက်ပေးပါဆိုတော့ နောက်အရစ်က(၅၂၃)သန်း ကြံခင်းကို ပေးလိုက်ပါတယ်။

တစ်ခါ မင်းလှမြို့နယ်အတွက်က (၁၂၆.၈)သန်း၊ အဲဒီတော့ (၆၄၉)သန်းက ပေးလိုက်ပါ တယ်။ အဲဒီမှာ သန်း(၇၀၀)ရှိတော့ ကျန်တဲ့ငွေသန်း(၅၀)ကျော် ကျန်ပါတယ်။ သန်း(၅၀)ကျော် ကျန်ရစ်တာကိုလည်းပဲ ဘယ်ကိုပေးလိုက်ရလဲဆိုတော့ သရက်မြို့နယ်အတွက်(၄၉.၇၆)သန်းကို ပေးချေဖို့ရာ အတွက် မကွေးတိုင်းဒေသကြီး လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းရေး ပြန်လည်စိစစ်ရေး ကော်မတီကနေပြီးတော့ အတည်ပြုလာတဲ့အတွက်ကြောင့်မို့လို့ အဲဒီလက်ကျန် (၅၀.၁၂၉)သန်း ကနေပြီးတော့ (၄၉)သန်းကို သရက်ကိုပေးလိုက်ရတာဖြစ်ပါတယ်။ အဲဒီအတွက် စလင်းမြို့နယ်အတွက် (၉၉၆)သန်း တစ်လုံးတစ်ခဲထဲက အခုမရနိုင်ဘူးဖြစ်နေတော့ ကျွန်တော်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာတော့ ကျွန်တော်က စာရင်းထဲထည့်ထားပြီးသားဖြစ်ပါတယ်။ ဖြည့်စွက်ရန်ပုံငွေမှာရခဲ့ရင် ကျွန်တော် တစ်ခါတည်းပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ဖြည့်စွက်ရန်ပုံငွေမှာ မပါရင်တော့ ကျွန်တော် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကျမှ ပေးနိုင်မယ်ဖြစ်ကြောင်း ပြည့်ပြည့်စုံစုံ လေးစားစွာ ဖြေကြားအပ်ပါတယ်။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ နည်းနည်း ပိုပြီးတော့ ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်ဖို့ရာအတွက် Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ အဲဒီမှာ လတ်တလော ရေကြောင်းခရီးကိုအသုံးပြုနေတဲ့ ကျောင်းသားလူငယ်များရဲ့ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် အသက်ကယ်ဝတ်စုံများ စက်လှေ၊ မော်တော်များတွင်ထားရန် အစီအစဉ် ရှိ/မရှိ၊ နောက် ပြည်သူများရဲ့ အသက်ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကို ယခုထက် ပိုမိုကောင်းမွန်အောင် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်း (၂)ခု ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့က ပထမဆုံး ဒီဝန်ကြီးဌာနရဲ့အောက်မှာ ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဌာန ရှိပါတယ်။ အဲဒီမှာလည်းပဲ ရခိုင်ပြည်နယ်မှာ အသုံးပြုနိုင်တဲ့ သင်္ဘောက အောင်တံခွန် (၁) ရယ်၊(၂) ရယ်၊ (၇) ရယ် (၃)စီးပဲ ကောင်းပါတယ်။ အဲဒါကြောင့် အဲဒီ (၃)စီးနဲ့ပဲ ကျွန်တော်တို့ စစ်တွေ-ဘူးသီးတောင်မှာ တစ်ပတ်(၆)ရက် တနင်္လာနေ့မပါ။ (၆)ရက် ပြေးပါတယ်။ စစ်တွေ-မြောက်ဦး ခရီးစဉ်မှာ တစ်ပတ်(၂)ရက်၊ အင်္ဂါနဲ့ သောကြာမှာ ပုံမှန်ပြေးဆွဲပါတယ်။

ဒါကတော့ လက်ရှိပြေးဆွဲနေတဲ့ အောင်တံခွန် (၁)၊ (၂)၊ (၇)ရဲ့ အနေအထား ဖြစ်ပါတယ်။ ဒါ အားလုံး အနှစ်(၂၀)အထက်မှာရှိတဲ့ သင်္ဘောတွေ ဖြစ်ပါတယ်။ အဲဒီတော့ သင်္ဘောတွေအနေနဲ့ အန္တရာယ်ကင်းစွာ ခုတ်မောင်းနိုင်ဖို့တော့ ကျွန်တော်တို့က မိမိပိုင်တဲ့ ဒီ ရေကြောင်းပို့ဆောင်ရေးက

သင်္ဘောတွေကိုတော့ သေသေချာချာ ရေယာဉ်ကြံ့ခိုင်မှုကို စစ်ဆေးတယ်။ စစ်ဆေးပြီးတော့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ရေယာဉ်ကြံ့ခိုင်မှုကို အစစ်ဆေးခံပြီးမှ Surveyor လိုင်စင်ရမှ ပြေးဆွဲတာဖြစ်ပါတယ်။ လိုက်ပါတဲ့ စီးနင်းတဲ့ခရီးသည်ဦးရေရဲ့ (၁၀)ရာခိုင်နှုန်း ထပ်ပေါင်းပြီးတော့ Life Jacket တွေကို ထားရှိစေပါတယ်။ ဒါကတော့ အခု ပါနေတဲ့ဟာတွေရဲ့ လက်တွေ့အခြေအနေပါ။ ကျွန်တော်တို့ ဘောကွင်းတွေပါတယ်။ အပေါ်မှာတော့ အဲဒီ Life Jacket တွေ ပါ ပါတယ်။ အမှန်ကတော့ တကယ်တမ်းကျတော့ သုံးခဲတဲ့ ဟာပေါ့။ ဖြစ်ခဲတဲ့ကိစ္စတွေ ဖြစ်တယ်။ သို့သော် အမြဲတမ်း ဒီဟာတွေပါအောင်တော့ ကျွန်တော်တို့ ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။

ဒါကတော့ အဲဒီ ကျွန်တော်တို့ ဒီ ရက်(၁၀၀)စီမံကိန်းမှာကိုက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရယ် ပေါင်းပြီးတော့ရေယာဉ်လုပ်သားတွေကိုလည်းပဲ အားလုံးကို တတ်နိုင်သမျှ ဒီ အန္တရာယ်ကင်းရှင်းရေးအတွက် လေ့ကျင့် ဆောင်ရွက်တာတွေ ရှိပါတယ်။ ဒါက မှတ်တမ်းတင်ဓာတ်ပုံတွေပါ။ အဲဒီမှာ အသက်ကယ်အင်္ကျီအသုံးပြုပုံသင်တန်းပေးတာတွေနဲ့ အဲဒီမှာ ရေကြောင်းကယ်ဆယ်ရေးကိစ္စတွေအထိ သင်ပေးခဲ့ပါတယ်။ အဲဒီတော့ နောက်တစ်ခုက ခုန ဒေါ်ထုမေ ပြောသွားတဲ့အတိုင်းပဲ စစ်တွေ-မြေပုံ-ကျောက်ဖြူ-မာန်အောင် အဲဒီလမ်းမှာတော့ အရင် ဒီ ၂၀၁၅ မတ်လတုန်းက ဖြစ်ခဲ့တဲ့ ဒီ အောင်တံခွန်(၃) နစ်မြုပ်တဲ့ကိစ္စမှာ ကျွန်တော်တို့က အောင်တံခွန်(၃)နေရာမှာ အစားထိုးဖို့ရာ ဘာသင်္ဘောမှကို ကျွန်တော်တို့ ကြံ့ခိုင်တဲ့ဟာ မရှိတော့ပါဘူး။ အဲဒီမှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကလည်းပဲ တကယ်တမ်းကျတော့ အစိုးရ ဘတ်ဂျက်ကနေပြီးတော့ နုတ်ထွက်လိုက်တယ်။ ကိုယ့်ဖာသာကိုယ် လည်ပတ်တဲ့အခါမှာ အတော်ကို အခြေအနေမကောင်းပါဘူး။ အကုန်လုံး အရှုံးတွေပေါ်နေတယ်။ သို့သော်လည်းပဲ ဒီဟာကို ဖြေရှင်းနိုင် ဖို့ရာအတွက် ဟိုတစ်နေ့က ပြည်သူ့လွှတ်တော်မှာလည်း အဲဒီ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘရှိန် မေးမြန်းတော့ ကျွန်တော် အဲဒီအတိုင်းပဲ ဖြေခဲ့ရပါတယ်။

ဒါနဲ့ ကျွန်တော် အတင်းလိုက်ပြီးတော့ ဆက်သွယ်ပါတယ်။ ဂျပန်သံအမတ်ကြီးလည်း ဆက်သွယ်တယ်။ လာသမျှကုမ္ပဏီတွေကိုလည်း အကူအညီတောင်းတော့ အဲဒီ ခုန ဘဏ္ဍာအခွန်ဝန်ကြီးရဲ့ ကြိုးစားမှုနဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ကြိုးစားမှုနဲ့ ဂျပန်က အဟောင်းတော့ပေးမယ်။ ဒီအသစ် ခင်ဗျားဆောက်နေရင် ခင်ဗျားတို့အတွက် အသစ်ဆောက်နေရင် ကြာလိမ့်မယ်ဆိုပြီးတော့ အဟောင်း (၃)စင်းပေးဖို့ ညှိနှိုင်းပါတယ်။ အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် မြန်မြန်ဆန်ဆန် လုပ်ပေးပါ။ ပြည်သူလူထု အတွက် အရေးပေါ်လိုနေပါတယ်ဆိုတော့ အဲဒီမှာ သူတို့ကလည်းခက်တာက သူတို့ရဲ့ အသုံးပြုလက်စ ပေးတာတောင်မှ အန္တရာယ် ကင်း၊ မကင်း ကို သူတို့က စစ်ချင်ပါသေးတယ်ဆိုပြီးတော့ ဇူလိုင်လ ၂၁ နဲ့ ၂၄ က (၅)ရက်ခရီးကို ကျွန်တော့်ဆီကလူတွေကို လွှတ်ပြီးတော့ အဲဒီလမ်းအူကြောင်းကို ကြည့်ပါ တယ်။ ဒါက ခုနတုန်းကလာတဲ့ဂျပန်တွေနဲ့ သွားပြီးတော့ အဲဒီလမ်းအူကြောင်းကို လိုက်ကြည့်တာပါ။ အဲဒီ အခု dotted line ကြောင်း ဒီအပေါ်မှာ စစ်တွေကနေအောက်က ကျောက်ဖြူကို သွားတဲ့အခါမှာ မြေပုံကို အရင်ဝင်ရပါတယ်။ အဓိကက မြေပုံကနေပြီးတော့ ကျောက်ဖြူကိုသွားချင်တဲ့ အစိုးရဝန်ထမ်းတွေအတွက် ပြဿနာရှိတာပါ။

ဒါပေမဲ့ သူတို့က အဲဒီ ပင်လယ်နေရာလေးကို ဖြတ်ရပါတယ်။ အဲဒီ မြေပုံကနေပြီးတော့ ဖြတ်ရင် တည့်တည့်ကြီးသာဖြတ်လို့ကတော့ အတော်ကို ပင်လယ်ထဲနည်းနည်းဖြတ်ရတဲ့ဧရိယာလေး

ရှိပါတယ်။ သာမန်အားဖြင့်တော့ တော်တော်များများဟာ ဒီဟာနဲ့ပဲ စွန့်စားပြီးတော့သွားလာနေကြ ရတာပါ။ ဒါပေမဲ့ ဂျပန်တွေက အဲဒီ dotted line အတိုင်းပဲ သွားရမယ်ဆိုပြီးတော့ သူတို့က လုံခြုံရေး ပဲ။ အမှန်က ဒုတိယဝန်ကြီးပြောတဲ့အတိုင်းပဲ လုံခြုံရေးအတွက်ပဲ သူတို့ ဒီဟာပဲ အာမခံနိုင်တယ်ဆိုပြီး တော့ ညှိနှိုင်းသွားပါတယ်။ အဲဒီတော့ အဲဒါ (၃)စင်းတော့ အမြန်ဆုံးရရှိဖို့ရာအတွက် ကျွန်တော်တို့ ကြိုးစားနေတယ် ဆိုတဲ့အကြောင်း ရှင်းပြလိုပါတယ်။ နောက်ဟာတွေကတော့ ကျွန်တော်တို့ ဒီ ရခိုင်ပြည်နယ်ဟာ ခုနပြောသလို မြစ်ချောင်းတွေပေါတယ်။ ဒါ့ကြောင့် ဒီရေကြောင်းသွားလာရေး အတွက် လုပ်ရမယ်ဆိုပြီးတော့ ရှိပါတယ်။ အဲဒီမှာလည်းပဲ ကျွန်တော်တို့ရဲ့ ဥပဒေအရ ဒီ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေမှာ ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွေလည်း ဖွဲ့ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အလှည့်ကျလည်း စစ်ဆေးနေပါတယ်။ အဲဒီမှာ ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေးတွေ ဖွဲ့ပြီးတော့ ရေယာဉ်မတော်တဆမှုတွေ၊ ထိခိုက်မှုတွေ မဖြစ်အောင်လည်းလုပ် ပါတယ်။

အဲဒီ ပုဏ္ဏားကျွန်းမြို့နယ်မှာ အခုနတုန်းက ဒေါ်ထုမေ တင်ပြသွားတဲ့အတိုင်းပဲ ဒီ ၁ ရက်၊ ၆ လ တုန်းက ဖြစ်ခဲ့ပါတယ်။ ဖြစ်ပြီးမှပဲ ကျွန်တော်တို့က ထပ်ပြီးတော့ ဒီ ကျောင်းသားတွေပဲ ဖြစ်ဖြစ်၊ ရေယာဉ်တွေဟာ အမှန်ကတော့ အဲဒီရေယာဉ်တွေက ဒီ မြင်းကောင်ရေ(၂၀)အောက်ရေယာဉ် ဖြစ်ပါ တယ်။ မြင်းကောင်ရေ(၂၀)အောက်ရေယာဉ်ဆိုရင်တော့ ဒီ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့ စစ်ဆေးရတယ်။ သူကပဲ လိုင်စင်ထုတ်ပေးရတယ်။ အဲဒါလေး လည်းပဲ ကျွန်တော်တို့ ပြည်နယ်အစိုးရနဲ့ညှိနှိုင်းပြီးတော့ ပိုပြီးတော့ စနစ်တကျဖြစ်ဖို့၊ ကြံ့ခိုင်မှုတွေ ကိုစစ်ဖို့ ကျွန်တော်တို့အားလုံး နှိုးဆော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ အဲဒီနေ့က ဖြစ်ပြီးတဲ့ နောက် ပုဏ္ဏားကျွန်းမြို့နယ်မှာတော့ လိုက်ပြီးတော့ ဒီဟာတွေကို ခုနပြောတဲ့ ဒီ အသက်ကယ်အင်္ကျီကို ဝတ်ဖို့ဟာတွေလုပ်ပါတယ်။ အသက်ကယ်အင်္ကျီကိုလည်းပဲ ခုန (၁၀)ရာခိုင်နှုန်းတိုးပြီးတော့ ဒီလိုက်ပါတဲ့ အရေအတွက်ထက်ပိုပြီးတော့ အမြဲတမ်းဆောင်ထားရမယ်ဆိုပြီး ပေးပါတယ်။

နောက်တစ်ခါ လိုင်စင် အဲဒီမှာ လိုင်စင်(၁၀)သိန်းရှိခဲ့ရင် အထည်ဘယ်လောက်ထည့်ရမယ်။ ဝယ်ရမယ်။ ဘယ်လောက်ဆိုရင် ဘယ်လောက်ဝယ်ရမယ်ဆိုတဲ့ဟာ ကန့်သတ်ချက်တွေကိုလည်းပဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း ဆောင်ရွက်တယ်။ နောက်တစ်ခါ စည်ပင်သာယာရေး ဝန်ကြီးကနေပြီးတော့ အမိန့်ထုတ်ထားပါတယ်။ စည်ပင်သာယာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့ မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့နဲ့ ကူးတို့လုပ်ငန်းတွေ ဆောင်ရွက်နေတာတွေကို (၁၀)သိန်းနဲ့အထက် လိုင်စင်စီ တစ်ဦးကို အသက်ကယ်အင်္ကျီ(၁၀)ထည်၊ (၁၀)သိန်းအောက်လိုင်စင်စီ ဆိုရင်တော့ (၅)ထည် စီ ဝယ်ယူရမယ်လို့ဆိုပြီးတော့ အားလုံးလည်းလုပ်နေပါပြီ။ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနဲ့အညီလည်း ပြေးဆွဲနေပါတယ် ဆိုတဲ့အကြောင်းကို၊ စစ်ဆေးကြပ်မတ်တဲ့အကြောင်းကို တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူး အထူးတင်ရှိပါတယ်ရှင်။ ကျွန်မရဲ့ ဆက်စပ်မေးခွန်းကျတော့ နိုင်ငံတော်အနေနဲ့ ပြည်နယ်တစ်ခုချင်း၊ တိုင်းတစ်ခုချင်း၊ ပြည်နယ်အလိုက်၊ ဘတ်ဂျက်ခုနှစ်အလိုက် ပြည်နယ်တစ်ခုစီမှာ သို့မဟုတ် တိုင်းဒေသကြီးတစ်ခုစီမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်ပြီးတော့ ဘယ်ခုနှစ်မှာ ဘယ်လိုတိုးမြှင့်

သွားမယ်ဆိုတဲ့ ပြည်နယ်တစ်ခုချင်းစီမှာ Master Plan နိုင်ငံတော်အနေနဲ့ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန နိုင်ငံတော်အဆင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှိပါသလားဆိုတဲ့ ဆက်စပ်မေးခွန်းကို မေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၄၃။**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပို့ဆောင်ရေးစီမံကိန်းကြီးတစ်ခုလုံးအကြောင်းဆိုတော့ မေးခွန်းကနည်းနည်း ကျယ်ပြန့်တဲ့အတွက်ကြောင့် ကျွန်တော်က ဒီ အဓိက ရေကြောင်းပို့ဆောင်ရေးကဏ္ဍကိုပဲ ဦးစားပေးပြီး ဖြေကြားရတာ ဖြစ်ပါတယ်။ တကယ်တမ်းကတော့ ကျွန်တော်တို့မှာ National Transport Master Plan အမျိုးသားသယ်ယူပို့ဆောင်ရေး Master Plan ကြီးက ဇူလိုင်လထဲမှာ အပြီးရေးဆွဲပြီး ဖြစ်ပါတယ်။ အဲဒီအခါမှာလည်းပဲ တကယ့်ပြည်နယ်တွေ၊ ခုန ဒေသန္တရလမ်းတွေ အားလုံးကိုလုပ်ဖို့ဆိုတဲ့ အချက်တွေ ပါ ပါတယ်။ ဥပမာ ရခိုင်ပြည်နယ်ပေါ့။

ရခိုင်ပြည်နယ်ကတော့ ခုနတုန်းကပြောတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ အတိုင်းပဲ တကယ်တမ်း ရေကြောင်းသွားလာရေးကို ပိုပြီးတော့ကောင်းအောင်လည်း လုပ်ဖို့လိုတယ်။ ဥပမာ လေကြောင်းပေါ့။ လေကြောင်းကတော့ (First Level)တွေတော့မဟုတ်ဘူး။ သို့သော်လည်းပဲ လေကြောင်းက လေဆိပ် (၅)ခု ရှိတယ်။ အဲဒီ လေဆိပ်(၅)ခုမှာလည်း ဥပမာ စစ်တွေဆို (၇၅၀၀)နဲ့ ပေ(၁၅၀)ပြေးလမ်းနဲ့ အဆောက်အဦ အကြီးစားမွမ်းမံပြင်ဆင်ခြင်းကို သန်းပေါင်း(၄၁၇၉)သန်းနဲ့ အချောသတ်နေပါပြီ။ ဖွင့်နိုင်တော့မှာပါ။ သံတွဲမှာလည်း ပြေးလမ်းပေ(၈၀၀၀) ပေ(၁၀၀)နဲ့ သန်းပေါင်း (၁၅၀၉၇)သန်းနဲ့ ကျွန်တော်တို့ရခိုင်ပြည်နယ်အတွက် ဆောင်ရွက်နေပါတယ်။ ကျောက်ဖြူလေဆိပ်က လည်းပဲ အားလုံးပေါင်း ATR ဆင်းနိုင်ပါတယ်။ ပေ(၇၅၀၀)နဲ့ (၁၀၀) ATR လေယာဉ် ဆင်းနိုင်တဲ့ဟာ သန်းပေါင်း(၆၇၉၈)သန်း အကုန်ကျခံဆောင်ရွက်ခဲ့ပါတယ်။ အမ်းလေဆိပ်အတွက်လည်း သန်းပေါင်း (၈၅၀၀ x ၁၀၀)ပေ လမ်းအတွက် ATR ဆင်းနိုင်အောင်လို့မို့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ တစ်ခါ မာန်အောင် တကယ်တမ်းကျတော့ Traffic Demand က အများကြီးနည်းပါတယ်။

သို့သော် ပြည်နယ်ကိုဦးစားပေးသောအားဖြင့် အမ်းကလည်းပဲ ၂၅-၁၂-၂၀၁၅ ကစတင်ပြီး မာန်အောင်လေဆိပ် တည်ဆောက်ရေးအတွက် သန်းပေါင်း(၄၀၀၀)ကျော် ကုန်ကျခံပါတယ်။ ဒီနှစ် ဘတ်ဂျက်ထဲမှာလည်း သန်း(၅၀၀)ပါပြီးတော့ ပြေးလမ်းကို (၅၀၀x၁၀၀)ပေ ကျောက်ကတ္တရာ ခင်းခြင်း၊ တိုးချဲ့ခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ မြောက်ဦးမှာတော့ ပြည်နယ်အစိုးရရဲ့ရန်ပုံငွေနဲ့ နောက်ထပ် ပထမအဆင့်အနေနဲ့ လေယာဉ်ပြေးလမ်း ပေ(၆၀၀၀x၁၀၀) လေယာဉ်ရပ်နားဖို့ Apron က ပေ(၃၀၀x၃၀၀) အဲဒီပတ်လည်ကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အဲဒီတော့ တကယ်တမ်း လောလောဆယ် လေယာဉ်ကွင်း(၅)ကွင်းနဲ့ အားလုံးပေါင်း လေယာဉ်ခရီးစဉ်ပေါင်း (၁၂)ခုနဲ့ အများကြီး လေကြောင်းပို့ဆောင်ရေးကဏ္ဍတိုးချဲ့ရေးကိုတော့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ ဆောက်လုပ်ရေးကဏ္ဍပါ။ ဆောက်လုပ်ရေးကဏ္ဍ၊ ခုနတုန်းက ပြောတဲ့အတိုင်းပဲ အဓိကလမ်းကြီး ရခိုင်ပြည်နယ်နဲ့ ပြည်မနဲ့ ဆက်သွယ်တဲ့အဓိကလမ်းကြီး(၃)ခု ရှိပါ

တယ်။ အဲဒီမှာ မင်းဘူး-အမ်း-စစ်တွေလမ်းကို (၁၀)နာရီနဲ့ ရောက်အောင်လုပ်ဖို့ (၅)နှစ်တာအတွင်းမှာ ကျွန်တော်တို့ ဆောင်ရွက်မှာပါ။ အဲဒီမှာ ရာမောင်ကြိုးတံတားကို ADB ချေးငွေအကူအညီနဲ့ ဆောက်ပြီးတော့ ဒလက်ချောင်းတံတားရယ်၊ အဓိကပြဿနာက ပိုက်ဆံကုန်တာက တံတားကြီးတွေ၊ အဲဒီတံတားကြီး (၂)ခုပြီးခဲ့ရင် (၅)နှစ်အတွင်းမှာ မင်းဘူး-အမ်း-စစ်တွေဟာ (၁၀)နာရီအတွင်း ပေါက်အောင်လုပ်မယ်ဆိုပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းထားပါတယ်။ တစ်ခါ ပြည်-တောင်ကုတ်ကနေ ကျောက်ဖြူသွားတဲ့လမ်းကိုလည်းပဲ ဒေါ်လာ(၆)သန်း JICIA အကူအညီရပါတယ်။ ကျောက်ဖြူနဲ့ မြေနီ ကြားမှာ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်နေပါတယ်။

အဲဒီမှာလည်း BOT နဲ့ ဆောင်ရွက်တဲ့အပိုင်းကိုလည်း (၅)နှစ်အတွင်း အမြန်ပြီးစီးဖို့ ဆောင်ရွက်ဖို့ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးနဲ့ညှိနှိုင်းထားတာရှိပါတယ်။ တစ်ခါ ဂွ-ငသိုင်းချောင်း လမ်းမှာလည်း ဂွ-သံတွဲလမ်းကို ကမ္ဘာ့ဘဏ်အကူအညီက ဒေါ်လာသန်း(၂၀၀)ထဲက သန်း(၂၀) ပါ ပါတယ်။ ဒီလမ်းပိုင်းကိုလုပ်ဖို့ ဆိုပြီးတော့ သန်း(၂၀)ရလို့ အဲဒီသန်း(၂၀)မှာ အဓိကကျတဲ့ ကြပ်စင် မြစ်ကူးတံတားကို (၈)ဘီလီယံ ကုန်မယ်။ ပထမနှစ်မှာ (၄) ဘီလီယံ သုံးပြီးတော့ (၂)နှစ်ကြာ ဆောက်ရမှာ ဖြစ်ပါတယ်။ အဲဒါတွေကိုလည်းပဲ (၂)နှစ်အတွင်းပြီးအောင် ဆောက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခါ ဒီ ကျန်တဲ့ မီဇိုရမ်နဲ့ဆက်တဲ့ ရခိုင်-ကျောက်တော်၊ ချင်းပြည်နယ်-ပလက်ဝ အပြင် အဲဒီ မီဇိုရမ်ပြည်နယ်ကို ဆက်သွယ်နိုင်တဲ့ လမ်းဖောက်လုပ်ခြင်းကို (၅)နှစ်အတွင်း အပြီးသတ်မယ်ဆိုပြီး ဆောင်ရွက်ထားရှိပါတယ်။ ဒီနေရာမှာလည်းပဲ အလျဉ်းသင့်လို့ပြောရရင် ကုလားတန်မြစ် စီမံကိန်းမှာ အိန္ဒိယနဲ့ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အပိုင်းက ရေအရင်းအမြစ်အပိုင်းက ကုလားတန်မြစ်မြစ်ကြောင်း(Navigation)အတွက် ပြီးပါပြီ။ စစ်တွေသင်္ဘောဆိပ် ပြီးပါပြီ။ ဒါပေမဲ့ ဟိုဘက်ကကြာနေတာ၊ ဟိုဘက်ကကြာနေတော့ အဲဒီကားလမ်းကို ဆက်ပြီးတော့ဖောက်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က ဆက်သွယ်ရေးလုပ်ငန်း ပြောချင်ပါတယ်။ ဆက်သွယ်ရေးလုပ်ငန်းက လောလောဆယ်မှာ Auto Exchange (၁၆)ခု၊ လိုင်းအင်အား (၉၅၁၅)လိုင်း Auto Exchange ရှိတဲ့ မြို့(၉)မြို့မှာ ADSL (၃၈၄)လိုင်း၊ Microwave စခန်း (၂၂)ခု၊ CDMA 450 Mz (၁၉)ခု၊ CDMA 800 Mz မိုဘိုင်းစခန်း (၂)ခု၊ GSM မိုဘိုင်းစခန်း (၁၇၁)ခုကို တည်ဆောက်ထားပါတယ်။ (၅)နှစ်အတွင်း ဘာလုပ်မလဲ ဆိုတဲ့ဟာကကျတော့ ကျွန်တော်တို့ လောလောဆယ် ရှိတဲ့အခြေအနေကတော့ Area Coverage ပေ့ါ။ ပထဝီအနေအထားအရ နယ်မြေလွှမ်းခြုံနိုင်မှု (၅၀)ရာခိုင်နှုန်းရှိပြီးတော့ လူနေထိုင်မှုဧရိယာ လွှမ်းခြုံနိုင်မှုက လူအပေါ်မှာ လွှမ်းခြုံနိုင်မှုက (၆၀)ရာခိုင်နှုန်း ရှိပါတယ်။ Area Coverage ကတော့ (၅၀)ရာခိုင်နှုန်း ရှိပါတယ်။

အဲဒါတွေကိုလည်း နောက်ထပ် ၂၀၁၆ ဒီဇင်ဘာမှာ ပြီးစီးမယ့်ဟာက အော်တိုအိတ်ချိန်း (၆)ခုနဲ့ လိုင်းအင်အား (၁၃၀၀)ကို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါတွေကိုလည်း ကျွန်တော်တို့က ဘယ်ခုနှစ်မှာ ဘယ်လောက်ပြီးရမယ်ဆိုတဲ့ Area Coverage, Population Coverage တွေကို ပိုကောင်းအောင် ကျွန်တော်တို့ အဆက်အစပ် အစီအမံတွေ ချထားတယ်ဆိုတဲ့ အကြောင်းကို တင်ပြလိုပါတယ်။ မကောင်းတာကတော့ ရထားလမ်းပါ။ ရထားလမ်းက သိပ်ပြီးတော့ Capital Intensive ဖြစ်တယ်။ အရင်းအနှီး ကြီးမားတဲ့အတွက်ကြောင့် အခုဟာကတော့ ဒါတောင်မှ

ကျောက်တော်အထိ သွားတဲ့လမ်းပိုင်းမှာကို တံတားကြီး(၂)စင်း မဆောက်နိုင်ပါဘူး။ တံတားကြီး (၂)စင်း ကလည်း ကျပ်ဘီလီယံပေါင်းများစွာ (၁)ဘီလီယံ၊ (၂)ဘီလီယံမက ကုန်ရမယ့်တံတားကြီးတွေဖြစ်နေ တော့ ကစ္စပနဒီတို့ ဖြတ်ရမယ့်အခါကျ အဲဒီတံတားကြီးတွေအတွက် အကုန်အကျမခံနိုင်သေးတဲ့ အတူတူတော့ လောလောဆယ် ဒီနှစ်ဆိုရင် မြောက်ဦးဘက်ကဆက်မယ့်ဟာဆိုရင် မြေတိုင်းတာခြင်း ပါ ပါတယ်။ မြေတိုင်းတာခြင်း သန်း(၁၀၀)ကိုရပ်ပြီးတော့ ကျွန်တော်က ဘာလုပ်လိုက်ရလဲ ဒီဘက်က လမ်းပြင်တဲ့ဟာကိုပဲ ဦးစားပေးလိုက်ရတယ်။ အဲဒီတော့ ကျွန်တော်တို့သည် ခုနကပြောသလို (၅)နှစ် အတွင်းမှာ ဘာလုပ်မယ်ဆိုတဲ့ National Transport Master Plan ကို အသေးစိတ်ဆွဲထားပါတယ်။ ဒီမှာလည်းပဲ တတ်နိုင်သမျှ ဒေသန္တရလမ်းတံတားတွေ တိုးတက်ဖို့ရာအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အားလုံးနဲ့ပေါင်းစပ်သော ဒေသန္တရလမ်းများ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီအနေနဲ့ဖွဲ့စည်းပြီးတော့ ၁၇ ရက်နေ့တောင်မှ အစည်းအဝေးရှိပါတယ်။ အဲဒါမျိုး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်ဆိုတဲ့အကြောင်း လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

## နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးစီကို (၁၀)မိနစ်အတွင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ နိုင်ငံ့ဝန်ထမ်းအားလုံး ပြည်သူတွေကို မျက်နှာမူပြီးတော့ အလုပ်အကျွေးပြုရင်းနဲ့ ကာယစိတ္တနှစ်ဖြာ ကျန်းမာချမ်းသာကြ ပါစေလို့ ဆုတောင်းရင်းနဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော်တို့ မင်္ဂလာပါလို့ ဂါရဝပြုပြီး နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ပတ်သက်ပြီးတော့ ပထမဦးဆုံး ဆွေးနွေး တင်ပြချင်တဲ့ဟာကတော့ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀(ဌ) ဖြစ်ပါတယ်။ ပုဒ်မ ၁၀(ဌ)မှာ ပြည်သူကို ရိုသေလေးစားခြင်းလို့ ကျွန်တော်တို့ ပြဋ္ဌာန်းထားတာ တွေ့ရမှာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် တင်ပြချင်တာကတော့ ကျွန်တော့်အနေနဲ့၊ ဒီလွှတ်တော်ကိုယ်စားလှယ် ဘဝနဲ့ ဒီလွှတ်တော်ကို ရောက်လာတဲ့အချိန်ကစပြီးတော့ အခုချိန်ထိ လွှတ်တော်ဝန်ထမ်းတွေကနေပြီးတော့ ကျွန်တော်တို့ အပေါ်မှာဆက်ဆံတာ အင်မတန်မှ အဆင့်မြင့်မားလှပါတယ်။ အဲဒီတော့ အဲဒီလို ဆက်ဆံ မှုမျိုးကို နိုင်ငံအနှံ့ကဝန်ထမ်းတွေကနေပြီးတော့ ပြည်သူတွေအပေါ်မှာ အဲဒီလို လေးလေးစားစားနဲ့

ကူညီဖေးမပြီးတော့ ဆက်ဆံဆောင်ရွက်ပေးကြမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲလို့ ပြည်သူတွေ ဘယ်လောက် စိတ်ချမ်းသာကြမလဲလို့ ကျွန်တော် စဥ်းစားမိခဲ့ရပါတယ်။ အဲဒီတော့ အဲဒီလိုမျိုးလုံးဝ ဝန်ထမ်းတွေမှာ မရှိဘူးလို့တော့ မဆိုလိုပါဘူး။ အင်မတန်နည်းတဲ့ အနည်းစုမှာပဲရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကလည်း အားလုံးသိထားတဲ့ကိစ္စပါ။အများစုသော ဝန်ထမ်းအမျိုးမျိုးကတော့ အာဏာရှိတဲ့ လူတွေကလွဲပြီး ပြည်သူတွေကို အထင်သေး အမြင်သေးနဲ့ ဆက်ဆံကြတယ်။ အပေါ်စီးကနေပြီးတော့ မတူသလို၊ မတန်သလို ဆက်ဆံကြတယ်။ အထက်အရာရှိကို သွားတိုင်ရင်လည်း တိုင်တဲ့လူကိုပဲ ကျွန်တော်တို့ အထက်အရာရှိဆိုတဲ့ လူကနေ ရန်သူလို ပြန်ပြီးဆက်ဆံတတ်ကြတာ များပါတယ်။

အဲဒီတော့ ဥပဒေမှာ စောစောက ကျွန်တော် ပြောသွားသလို ပြည်သူကိုရိုသေလေးစားရမယ်လို့ဆိုတဲ့ ပြဋ္ဌာန်းချက်ကြီး ရှိပင်ရှိငြားသော်လည်း တကယ့်အဖြစ်အပျက်ကတော့ ဆန့်ကျင်ဘက်အနေအထားဖြစ်တာ တွေ့ရမှာဖြစ်ပါတယ်။ ဖြစ်သင့်တာက ပြည်သူ့ဘဏ္ဍာကိုစားနေတဲ့ ဝန်ထမ်းများဟာ ပြည်သူတွေကို မိဘလိုသဘောထားပြီးတော့ အလုပ်အကျွေးပြုရမယ်ဆိုတဲ့ အသိတရား ပြင်းပြင်းထန်ထန်ပြဋ္ဌာန်းပြီးတော့ ဒီနေ့ ပြည်သူတွေ လိုလားနေတဲ့ အပြောင်းအလဲကိုဖြစ်အောင် ကျွန်တော်တို့ လွှတ်တော်ကနေပြီးတော့ ကြိုးပမ်း ဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဝန်ထမ်းများဟာ ကျွန်တော်တို့ အဲဒီတော့ ဘယ်လိုပြဋ္ဌာန်းသင့်သလဲဆိုတော့ အဲဒီ ပုဒ်မ ၁၀(ဌ)ကို ပြည်သူများကို ရိုသေလေးစားစွာ အလုပ်အကျွေးပြုရမည်ဆိုပြီးတော့ ပြင်ဆင်ပြဋ္ဌာန်းပေးသင့်ပါတယ်။

အဲဒီတော့ ဝန်ထမ်းများဘက်ကနေပြီးတော့ ကျွန်တော် တင်ပြချင်တာကတော့ အဲဒီဝန်ထမ်းတွေအားလုံး အငြိမ်းစားယူပြီးသွားလို့ သာမန်ပြည်သူဘဝကို ရောက်ကြပြီဆိုရင် ဒီပြဋ္ဌာန်းချက်ဟာ တယ်ပြီးတော့ မှန်ပါလား၊ အနှစ်သာရရှိပါလားလို့ တွေးကြည့်ရုံနဲ့ကို အခုအချိန်မှာ သိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို ပြင်သင့်တယ်လို့ ပထမဦးဆုံး တင်ပြလိုပါတယ်။ အဲဒီတော့ ဒီ ပုဒ်မ ၁၀ ဟာ ဝန်ထမ်းများသည် အောက်ပါတို့ကိုလိုက်နာရန် တာဝန်ရှိသည်လို့ ဖော်ပြထားပြီးတော့ အောက်မှာကျတော့ ဗမာစာအသုံးအနှုန်းက သိပ်ပြီးတော့ အဆင်မပြေပါဘူး။ (က) နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိခြင်း၊ ရိုသေခြင်း၊ လိုက်နာခြင်း၊ ဆောင်ရွက်ခြင်း စသည်ဖြင့် အဲဒီလို (ခြင်း ခြင်း)နဲ့သွားမယ့် အစား တကယ်တမ်းကျတော့ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်။ အဲဒီလိုမျိုး တာဝန်ကို သတ်မှတ် ဖော်ပြပေးသင့်ပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၁၀(က)ကနေ(ဍ)အထိကိုလည်း ရမည်လို့ နောက်ဆုံးပိတ် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းပေးသင့်ပါတယ်။

အဲဒီတော့ ဒုတိယတင်ပြချင်တဲ့အချက်ကတော့ ပုဒ်မ ၁ ပါ။ ပုဒ်မ ၁ မှာ ဥပဒေရဲ့ အမည်ကို ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ မြန်မာစကားလုံးအရဆိုရင် တချို့ဥပဒေမှာလည်း အတိအလင်းပြဋ္ဌာန်းထားတာရှိပါတယ်။ ပြည်သူ့ဝန်ထမ်းလို့ သုံးနှုန်းထားတာရှိတယ်၊ အရပ်ဘက်ဝန်ထမ်းလို့ သုံးနှုန်းထားတာရှိတယ်၊ လက်နက်ကိုင်ဝန်ထမ်းလို့ သုံးနှုန်းထားတာရှိတယ် စသဖြင့် အဲဒီလို အမျိုးမျိုးရှိပင်ရှိငြားသော်လည်း အခု ပြဋ္ဌာန်းလိုက်သည့်ဥပဒေသည် ဝန်ထမ်းတစ်မျိုးတည်းအတွက်သာ သီးသီးသန့်သန့် ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် အဲဒီလို နိုင်ငံ့ဝန်ထမ်းဥပဒေဆို ကျန်တဲ့လက်နက်ကိုင်ဝန်ထမ်းတွေရော အားလုံးနဲ့ ရောထွေးသွားမှာ မလိုလားဘူးဆိုရင် ဒီဥပဒေရဲ့အမည်ကို အရပ်သားနိုင်ငံ့ဝန်ထမ်းများ ဥပဒေဆိုပြီး တော့ ပြင်ဆင်နာမည်ပြောင်းသင့်တယ်လို့ ကျွန်တော်က အကြံပြု ဆွေးနွေးလိုပါတယ်။

တတိယအနေနဲ့ ဆွေးနွေးလိုတာကတော့ ပုဒ်မ ၂(င)မှာ ဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၂(င)ကို ပြောမယ်ဆိုရင် အဓိက ပြောချင်တာကတော့ ၂(င)ကို ဖတ်ပြရမယ်ဆိုရင် ၂(င) က ဝန်ထမ်း ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုလိုသည် ယင်းစကားရပ်တွင် ဤဥပဒေပါကိစ္စအလို့ငှာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များမပါဝင် ဆိုပြီးတော့ ရေးထားတာ၊ အဲဒီတော့ အဲဒီဟာကို ဖတ်လိုက်မယ်ဆိုရင် တပ်မတော်သားတွေနဲ့ ရဲတွေဟာ ကျွန်တော်တို့ ရိုးရိုးအရပ်သားဝန်ထမ်းတွေနဲ့ မတူသလိုလို၊ ခွဲခြားထားသလိုလို တစ်ဖက်ဖက်ကပဲ အခွင့်ထူးခံနေသလိုလို ထင်ယောင်ထင်မှား ဖြစ်ဖွယ်ဖြစ်ပါတယ်။ အမှန်ကတော့ အဲဒီဥပဒေမှာ ရေးသားထားတဲ့ အလို့ငှာ ဆိုတဲ့ ဒီဥပဒေမှာပါတဲ့ အလို့ငှာအကြောင်း ကိစ္စတွေဟာ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့များတော့မပါဘူး၊ မသက်ဆိုင်ဘူးလို့ဆိုပေမယ့်လည်း ဗမာစာ ရေးထားတာသည် ရှင်းလင်းပြတ်သားမှုမရှိတဲ့အတွက် ကျွန်တော်တို့ ပြင်ဆင်သင့်ပါတယ်။ ဥပဒေဆိုတာ အနှစ်သာရ ဘယ်လောက်ပင် ရှိပင်ရှိငြားသော်လည်း ကိုယ်သိရုံ၊ ကိုယ်မှန်ရုံနဲ့ မပြီးပါဘူး။ မှန်ကန်မျှတကြောင်း အများပြည်သူ မြင်သာထင်ရှားအောင်လည်း ရှင်းရှင်းလင်းလင်း ဖော်ပြရေးသားသင့်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေကို ပုဒ်မ ၂(င)ကို အရပ်သားနိုင်ငံ့ဝန်ထမ်းများဆိုသည်မှာ လက်နက်ကိုင် နိုင်ငံ့ဝန်ထမ်းများမဟုတ်သော ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါရာထူး တစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။ ဆက်လက်ပြီးတော့ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများသာဖြစ်ကြသော်လည်း လုပ်ငန်းသဘာဝမတူညီသည့် တာဝန်နှင့် အခွင့်အရေးများ ရှိနေသောကြောင့် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ မပါဝင်ပါ ဆိုပြီးတော့ ရှင်းလင်းပြတ်သားစွာ ဖြည့်စွက်ပြဋ္ဌာန်းသင့်တယ်လို့ အကြံပြုလိုပါတယ်။ နောက်တစ်ခုကတော့ ပုဒ်မ ၁၁ ကို ဖြည့်စွက်ပြီးတော့ ပြဋ္ဌာန်းဖို့ တင်ပြလိုပါတယ်။ ပုဒ်မ ၁၁ ဟာ ဝန်ထမ်းများရဲ့အခွင့်အရေးတွေကို ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဘယ်လိုဖြည့်စွက်စေချင်လဲဆိုတော့ နိုင်ငံ့ဝန်ထမ်းအားလုံးသည် သဘောက အရပ်ဘက်နိုင်ငံ့ဝန်ထမ်း အားလုံးသည် တန်းတူညီမျှသောအခွင့်အရေး ရရှိခံစားခွင့်ဆိုပြီးတော့ အဲဒီဟာကို ပြဋ္ဌာန်းသင့်ပါတယ်။ ဘာဖြစ်လို့လဲ အကြောင်းပြချက်ရှိပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆(င)၊ ပုဒ်မ ၂၁(က)၊ ပုဒ်မ ၃၄၇၊ ၃၄၈၊ ၃၄၉ တွေမှာ ကျွန်တော်တို့နိုင်ငံသားတွေအားလုံးဟာ အခွင့်အရေးအားလုံးကို တန်းတူညီမျှ ရ ရမယ်လို့ အတိအလင်းပြဋ္ဌာန်းထားသလို ကျွန်တော်တို့ဝန်ထမ်းများဟာလည်း ကျွန်တော်တို့ ညီမျှတဲ့အခွင့်အရေးတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေရမယ်လို့ ကျွန်တော်တို့ အတိအလင်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

သို့သော်လည်း တကယ်တမ်း အဲဒီပြဋ္ဌာန်းချက်တွေကို မညီညွတ်စွာပဲ ကျွန်တော်တို့နိုင်ငံမှာ အဲဒီမျိုး နိုင်ငံ့ဝန်ထမ်းအချင်းချင်း အခွင့်အရေးတွေ ခွဲခြားဆက်ဆံခံရတဲ့သာဓကတွေ ရှိပါတယ်။ အင်မတန်ထင်ရှားတဲ့သာဓကတစ်ခု ကျွန်တော် ပြောချင်ပါတယ်။ အင်မတန်ရှက်ဖို့ကောင်းတဲ့ကိစ္စပါ။ ပြည်ထောင်စုလွှတ်တော်ကြီးမှာ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလမှာ ပြည်သူ့လွှတ်တော်ဝန်ထမ်းများဟာ ကျွန်တော်တို့ ရာထူးတိုးခံစားခဲ့ကြရပါတယ်။ ပြည်သူ့ လွှတ်တော်မှာရှိတဲ့ ဝန်ထမ်းအားလုံး အဲဒီလိုရာထူးတိုး အားလုံးခံစားကြရတဲ့အချိန်မှာ ပြည်ထောင်စုလွှတ်တော်က ဝန်ထမ်းတွေနဲ့ အမျိုးသားလွှတ်တော်ကဝန်ထမ်းတွေဟာ ငုပ်တုတ်ထိုင်ပြီး ကြည့်နေခဲ့ရတဲ့ဘဝပါ။

လွှတ်တော်ဝန်ထမ်းအချင်းချင်း အတူတူ ခွဲခြားဆက်ဆံခံရတာ၊ တစ်ခါ ပြည်ထောင်စုလွှတ်တော် ဝန်ထမ်းတွေအားလုံး ရာထူးတိုးသွားကြပြန်တော့လည်း အမျိုးသားလွှတ်တော် ဝန်ထမ်းတွေဟာ ငုပ်တုတ်ထိုင်ကြည့်ပြီးတော့ အင်မတန်စိတ်မကောင်းစွာ ခံစားကြရမယ်ဆိုတာ ကျွန်တော်တို့အားလုံး သိနိုင်ပါတယ်။ နောက်ဆုံးကျတော့မှ တစ်နှစ်ခွဲလောက်ကြာတော့မှ အမျိုးသားလွှတ်တော် ဝန်ထမ်းတွေလည်း အဲဒီရာထူးတိုးကို ခံစားခွင့် ရခဲ့ကြပါတယ်။ အဲဒီအခါမှာ ပထမဦးဆုံးရာထူးတိုးသွားတဲ့ --------

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားတဲ့အတွက် အတိုချုံး ချုပ်လိုက်ပါ။

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ မရှိစေရဆိုတဲ့ ပြဋ္ဌာန်းချက်ဟာ ပြီးခဲ့တဲ့ ကျွန်တော်တို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်က အလုပ်သမားများသည် ခွင့်ကို အခွင့်အရေး တစ်ရပ်အနေနဲ့ ရရှိရမယ်။ ဝန်ထမ်းများကတော့ ခွင့်ကို အခွင့်အရေးတစ်ရပ်အနေနဲ့ မရရှိရဘူးဆိုတဲ့ ပြဋ္ဌာန်းချက်ကို Copy လုပ်ထားတဲ့သဘော ဖြစ်ပါတယ်။ သို့သော် အဲဒါသည် ကျွန်တော်တို့ လူ့အခွင့်အရေး ကြေညာစာတမ်းမှာပါတဲ့ ပုဒ်မ ၂၄ လူတိုင်းသည် သင့်မြတ်လျော်ကန်စွာ ကန့်သတ်ထားသည့်အလုပ်ချိန်အပြင် လစာနှင့်တကွ အခါအားလျော်စွာ သတ်မှတ်ထားသည့် အလုပ်အားလပ်ရက်များအပါအဝင် အနားယူခွင့်၊ အားလပ်ခွင့် အဲဒီခွင့်ဟာ လူ့အခွင့်အရေးပါ။ အဲဒီတော့ ဒီခွင့်ကို ကျွန်တော်တို့ အခွင့်အရေးတစ်ရပ်အနေနဲ့ မရ----။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ ကိုယ်စားလှယ်ကြီး။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ဆွေးနွေးမှာကတော့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများကိုယ်စား၊ ပြည်သူလူထုကိုယ်စား အပြုသဘောနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးအတွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် ဒီဥပဒေကို မဆွေးနွေးခင်မှာ အခြေခံအကြောင်းတရားအနေနဲ့ ကျွန်တော့် မဲဆန္ဒနယ်မှာ ဝန်ထမ်းတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ တွေ့ဆုံတဲ့အခါမှာ သူတို့ရဲ့အသံကို နားထောင်ခဲ့ရပါတယ်။ အဲဒီလို နားထောင်တဲ့အခါမှာ ဝန်ထမ်းတွေရဲ့အခက်အခဲတွေရှိခဲ့သလို မဲဆန္ဒရှင် ပြည်သူလူထုနဲ့ တွေ့တဲ့အခါမှာလည်း မဲဆန္ဒရှင်ပြည်သူလူထုနဲ့ ဝန်ထမ်းတွေနဲ့ တွေ့ဆုံဆက်ဆံတဲ့အခါမှာလည်း အခက်အခဲတွေ၊ အသံတွေကို ကြားခဲ့ရပါတယ်။ အဲဒီကျတော့ ကျွန်တော်တို့ တစ်ချိန်တစ်ခါက ဆောင်ပုဒ်တစ်ရပ်ရှိပါတယ်။ ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမယ်ဆိုတဲ့ ဆောင်ပုဒ်တစ်ရပ်နဲ့

ကြွေးကြော်ခဲ့ကြပါတယ်။ သို့ပေသော်လည်းပဲ အဲဒီကခေတ်အခါမှာ ဒီ ဝန်ထမ်းယန္တရားထဲမှာ ကျွန်တော်တို့ အကျင့်ပျက်ခြစားမှုတွေ၊ အဂတိတရားတွေနဲ့ ထုံမွမ်းပြီးတဲ့အခါကျတော့မှ တိုင်းပြည်က အဖက်ဖက်က နောက်ကျခဲ့တာဆိုတာလည်း အားလုံး ကျွန်တော်တို့အသိပဲ ဖြစ်ပါတယ်။

အဲဒီတော့ ဝန်ထမ်းက ဘယ်အခါမှာကောင်းမလဲ၊ ဝန်ထမ်းကောင်းတွေ ဘယ်အခါမှာ ထွက်လာမလဲဆိုရင် အဲဒီဝန်ထမ်းကောင်းတွေဟာ တိုင်းပြည်ရဲ့စနစ် ကောင်းမှပဲ ဝန်ထမ်းကောင်းတွေ ထွက်လာမှာပါ။ အဲဒီကျတော့ ကျွန်တော်တို့စနစ်ကလည်း ဘယ်အခါမှာ စနစ်ကောင်းတစ်ခုကို ရမလဲ ဆိုတာ ကျွန်တော်တို့ ပြည်သူ့ရဲ့အသံကို များများနားထောင်မှ ပေါ်ပေါက်လာတဲ့ အစိုးရတစ်ရပ်ဟာ ပြည်သူနဲ့ ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံနေမှ၊ ပြည်သူနဲ့ အမြဲတမ်း ကျွန်တော်တို့ ထိတွေ့နေမှသာလျှင် ပြည်သူ့အသံကို အမြဲတမ်းနားထောင်နေမှသာလျှင် ကျွန်တော်တို့ စနစ်ကောင်းတစ်ခုကို ပေါ်ထွန်း နိုင်မှာ ဖြစ်ပါတယ်။ ဝန်ထမ်းဆိုတာလည်း ကျွန်တော်တို့ နိုင်ငံသူ/နိုင်ငံသားပဲ ဖြစ်တယ်။ ကျွန်တော်တို့ ပြည်သူ/ပြည်သားပဲ ဖြစ်တယ်။ ပေါ်ပေါက်လာတဲ့ စနစ်တစ်ရပ်၊ ပေါ်ပေါက်လာတဲ့ ကျွန်တော်တို့ အစိုးရတစ်ရပ်ရဲ့ ကောင်းမွေဆိုးမွေကို ပြည်သူနဲ့အတူ ဒွန်တွဲခံစားရတာ ဖြစ်ပါတယ်။

အဲဒီကျတော့ ကျွန်တော်တို့ရဲ့ အစိုးရတစ်ရပ်ရဲ့ ယန္တရားကို လည်ပတ်ပေးမယ့်ဝန်ထမ်းတွေ မှာ သူ့ရဲ့ပြဋ္ဌာန်းထားတဲ့ဥပဒေ၊ နည်းဥပဒေအတိုင်း ပြဋ္ဌာန်းထားတဲ့ စည်းကမ်းစည်းမျဉ်းတွေ၊ ကျင့်ဝတ် တွေအတိုင်း ကျွန်တော်တို့ ယန္တရားကိုလည်ပတ်ဖို့ဆိုလို့ရှိရင် သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်း တွေ၊ တာဝန်ရှိတဲ့ ဝန်ကြီးဌာနတွေကနေပြီးတော့မှ ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို စနစ်တကျ Action ယူလို့ရအောင်၊ စနစ်တကျထိန်းချုပ်ပြီးတော့မှ ကျွန်တော်တို့ သွားဖို့လိုပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဒီ မဲဆန္ဒနယ်မှာရှိတဲ့ ထွေအုပ်၊ နောက် ကျွန်တော်တို့ စိုက်ပျိုးရေး၊ နောက် စည်ပင် အစရှိတဲ့ပေါ့။ ပညာရေး၊ အစရှိတဲ့ ကျန်းမာရေး ဒီဝန်ထမ်းတွေနဲ့ ကျွန်တော်တို့ တွေ့ဆုံတဲ့အခါမှာ ပထမကတော့ အောက်ခြေဝန်ထမ်းတွေရဲ့ ခံစားနေရတဲ့ ခံစားမှုကတော့ ခုနတုန်းက ဆရာ ဦးဌေးဦး တင်ပြဆွေးနွေးသွားသလို ကျွန်တော်တို့ အလုပ်ချိန်ပေါ့၊ နိုင်ငံသားရဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တန်းတူညီမျှမှု--

**ဥက္ကဋ္ဌ**။ ။ အဆွေတော် ကိုယ်စားလှယ်ကြီး၊ အခုဥပဒေကြမ်းပဲ ဆွေးနွေးတာ၊ ဥပဒေကြမ်းပဲ အဓိကထား ဆွေးနွေးပါ။

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ အဲဒီမှာ ကျွန်တော်တို့ အလုပ်ချိန် အစရှိသဖြင့် သူတို့ရဲ့အားနည်းချက်တွေကို ခံစားနေရတဲ့ အနေ အထားမျိုး ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၇ အရ ဝန်ထမ်းရွေးချယ်ရေး အပိုင်းကို ဝန်ထမ်းများရဲ့အသံနဲ့ ဆွေးနွေးပါမယ်။ ဆွေးနွေးတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ အဖွဲ့အစည်းအကြီးအမှူးတွေဟာ ပြန်တမ်းဝင်အရာရှိကို စတင် ကျွန်တော်တို့ ခန့်ထားရ မယ့်အဆင့်အတွက် ပြန်တမ်းဝင်အရာရှိကို ခန့်အပ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မခွဲ(ခ)မှာတော့ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးအဖွဲ့အစည်းသည် ပုဒ်မခွဲ(က)အရ ခန့်ထားရာထူး အဆင့်မှတစ်ပါး အခြားရာထူးများကို ခန့်အပ်မယ်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းထားပါတယ်။

အဲဒီမှာ ကျွန်တော် ဖြည့်စွက်အကြံပြုလိုတာကတော့ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ) ပြန်တမ်းဝင် အရာရှိသည် မိမိရုံးအတွက် လိုအပ်ပါက ဘုတ်အဖွဲ့ဖြင့် နေ့စားဝန်ထမ်းများကို သတ်မှတ်ချက်နှင့် အညီ ခန့်ပေးပိုင်ခွင့်ရှိသည်ဆိုတဲ့ ပုဒ်မကို ဖြည့်စွက်စေလိုပါတယ်။ ဒါဟာ ကျွန်တော်တို့က ဒီ သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ ပြန်တမ်းဝင်အရာရှိတွေဟာ သူ့ရဲ့ရုံးဌာနအတွင်းမှာ ကျွန်တော်တို့ စီမံ ခန့်ခွဲပိုင်ခွင့်နဲ့ အရေးပေါ်လိုအပ်တဲ့ ဝန်ထမ်းများကို ဘုတ်အဖွဲ့ ဖွဲ့ပြီးတော့ ခန့်ပေးခြင်းအားဖြင့် ဝန်ထမ်းယန္တရားရဲ့ လုပ်ငန်းဆောင်တာတွေကို ကျွန်တော်တို့ ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ တစ်ဆက်တည်း ဒီ နေ့စားဝန်ထမ်းတွေကို ခန့်အပ်ပြီးပြီဆိုရင် နေ့စားဝန်ထမ်းဆိုတာ ရာသီချိန်အရ ခန့်အပ်ထားတဲ့ ဝန်ထမ်းတွေဖြစ်တယ်။ တစ်လတန်သည်၊ နှစ်လတန်သည်ခန့်အပ် ရတယ်။ သို့ပေသော်လည်းပဲ တစ်နှစ်ပတ်လုံး ဒီနေ့စားဝန်ထမ်းကိုထားမယ်။ (၂)နှစ်၊ (၃)နှစ် ဒီနေ့စား ဝန်ထမ်းကို ကျွန်တော်တို့ ထားရမယ်ဆိုရင် ဒါဟာ အမြဲတမ်းလိုအပ်နေတဲ့ ဝန်ထမ်းဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒီလို (၂)နှစ်၊ (၃)နှစ်ရှိတဲ့ ဝန်ထမ်းများကို ကျွန်တော်တို့ Permanence ဝန်ထမ်းဖြစ်ဖို့ အတွက် သက်ဆိုင်ရာက ကျွန်တော်တို့ စဉ်းစားပေးဖို့ ဥပဒေမှာလည်း ပြဋ္ဌာန်းပေးဖို့ လိုပါတယ်။

နောက်ပုဒ်မ ၇၊ ပုဒ်မခွဲ(က)မှာ ဝန်ကြီးဌာနနဲ့ ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုမှ ပြန်တမ်းဝင် အရာရှိတစ်ဦးကို အခြားဝန်ကြီးဌာနနဲ့ ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့ခန့်ထားလိုပါက သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံလျှင် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းသည် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းရမည်လို့ ပါ ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က သက်ဆိုင်ရာရာထူး အတွက် ဌာနတစ်ခုကနေ ဌာနတစ်ခုကို၊ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းကနေ ရာထူးဝန်အဖွဲ့ကို ညှိနှိုင်းပြီးတော့ ပြောင်းရွှေ့ရမယ်။

နောက် ပုဒ်မခွဲ(ခ)မှာ ရာထူးဝန်အဖွဲ့က ပြည်ထောင်စုအစိုးရကို ကျွန်တော်တို့ တင်ပြရ မယ်လို့ ပါ ပါတယ်။ အဲဒီမှာ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)မှာ ကျွန်တော် ဖြည့်စွက်လိုတာကတော့ ယင်းဌာန များသည် အပြန်အလှန် ပြောင်းရွှေ့ခွင့်ရှိသောဌာနများသာ ဖြစ်ရမည်။ ကျွန်တော်တို့ ဌာနတစ်ခုကနေ ဌာနတစ်ခုကို ပြောင်းတယ်။ အပြန်အလှန် ပြောင်းရွှေ့ခွင့်ရှိတဲ့ ဌာနအချင်းချင်းသာ အဆင့်တူ၊ ရာထူး တူချင်း ကျွန်တော်တို့ ပြောင်းရွှေ့ခွင့်ရှိရမယ်ဆိုတဲ့ ပုဒ်မမျိုး ဖြည့်စွက်လိုပါတယ်။

နောက် ကျွန်တော်တို့ ဝန်ထမ်းရဲ့ အခွင့်အရေးမှာ စောစောက ဝန်ထမ်းများသည် ပုဒ်မ ၁၁ ဝန်ထမ်းများသည် အောက်ပါ အခြေခံအခွင့်အရေးများကို သတ်မှတ်ချက်နဲ့အညီ ခံစားခွင့်ရှိသည် ဆိုပြီးတော့မှ ကျွန်တော်တို့ (က)ကနေ (ဒ)ထိ အချက်(၁၈)ချက် ပါ ပါတယ်။ အဲဒီမှာ (၁၈)ချက်မှာ ကျွန်တော် ဖြည့်စွက်လိုတာကတော့ ဝန်ထမ်းများသည် နိုင်ငံတော်ကသတ်မှတ်ထားတဲ့ ရုံးပိတ်ရက်များ ကို အနားယူခံစားခွင့်ရှိသည်။ ဝန်ထမ်းကို အချိန်ပြည့် အလုပ်လုပ်ရန်တာဝန်ရှိတယ်လို့ ပေးထား သော်လည်း ဒါ ကျင့်ဝတ်အရသာ တာဝန်ရှိပြီးတော့ မည်သူမှ (၂၄)နာရီပတ်လုံး အလုပ်လုပ်ဖို့ မဖြစ်နိုင် ပါဘူး။ အနားယူဖို့ရှိရမယ်။ အပန်းဖြေဖို့ရှိရမယ်။ သူတို့မိသားစုနဲ့ ကျွန်တော်တို့ ပျော်ရွှင်ကျန်းမာ နေနိုင်ဖို့အတွက် နိုင်ငံတော်ကသတ်မှတ်တဲ့ခွင့်ရက်တွေကို ကျွန်တော်တို့ တရားဝင်ခံစားခွင့်ပေးရမှာ ဖြစ်ပါတယ်။ ဒါပေမယ်လို့ တရားဝင်ခံစားခွင့် အဲဒီလို ပေးထားပြီးတဲ့အခါမှာ အခု တချို့သောဌာနတွေ မှာ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ရုံးပိတ်ရက်တွေ၊ စနေ၊ တနင်္ဂနွေ၊ အဖိတ်၊ ဥပုသ် အစရှိသဖြင့် အဲဒီလို ရုံးပိတ်ရက်တွေမှာ ဝန်ထမ်းတွေ အလုပ်လုပ်နေရတဲ့ ဌာနတချို့ ရှိပါတယ်။ သူတို့အသံလည်း

ကြားရပါတယ်။ ဒီအတွက်ဆိုရင် ခံစားခွင့်အနေနဲ့ ကျွန်တော်တို့က (ခ) အလုပ်အချိန်ပိုခံစားခွင့်ကိုလည်း ရှိသည်ဆိုတဲ့ ပုဒ်မမျိုးမှာ ဖြည့်စွက်လိုပါတယ်။

ဒါ ပုဒ်မ ၁၁၊ ကျွန်တော်တို့ ဖြည့်စွက်လိုတဲ့ ပုဒ်မ(ဂ)ကတော့ (ဒ)အလုပ်အချိန်ပို ခံစားခွင့် ဆိုတဲ့ ပုဒ်မတစ်ခု ဖြည့်စွက်လိုပါတယ်။ နောက်တစ်ခါ ပုဒ်မ(န) နိုင်ငံတော်ကသတ်မှတ်ထားတဲ့ ရုံးပိတ်ရက်များကို၊ ကျွန်တော်တို့ အနားယူခံစားခွင့်ရှိတဲ့ ပုဒ်မကို ဖြည့်စွက်လိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ပုဒ်မ ၁၄ မှာတော့ လုပ်သက်ခွင့် အရင်ပြဋ္ဌာန်းပြီးတဲ့ ပြီးခဲ့တဲ့လုပ်သက်ခွင့်မှာ ဝန်ထမ်း တစ်ဦးဟာ လုပ်သက်ခွင့်(၄)လ ခံစားခွင့်ရှိပါတယ်။ အခုတော့ ကျွန်တော်တို့ ဒီလုပ်သက်ခွင့်(၄)လကို မရတော့ပါဘူး။ ဒီအတွက်ကိုလည်း ပြန်လည်စဉ်းစားဖို့အတွက် ဒီပုဒ်မကိုလည်း ပြင်ဆင်ရန် ကျွန်တော်တို့ အကြံပြု ဆွေးနွေးလိုပါတယ်။

နောက်တစ်ခုကတော့ စည်းကမ်းထိန်းသိမ်းရေးပါ။ ပုဒ်မ ၃၇ ဝန်ထမ်းသည် ဤဥပဒေအရ ပြုလုပ်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည့်အပြင် ဝန်ထမ်း အဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနဲ့ လုပ်ငန်းအမျိုးအစားလိုက် သီးခြားသတ်မှတ်ထားသည့် ကျင့်ဝတ် နှင့် လုပ်ငန်းခွင်စည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ ကျွန်တော် ဖြည့်စွက်လိုတာကတော့ ပုဒ်မ ၃၇ စာစောကဖတ်ပြတဲ့ အပိုဒ်ကို (က)လို့ ပြောင်းလဲပြီး တော့ ပုဒ်မ ၃၇(ခ)ဆိုပြီးတော့မှ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသည် ပြည်သူလူထု၏ တိုင်ကြားစာ များကို လုပ်ထုံးလုပ်နည်းနဲ့အညီ လက်ခံစစ်ဆေးရမည်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းစေချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပုဒ်မ ၄၃(ဂ) ရှေးဦးစစ်ဆေးမှုပြုလုပ်ခြင်း၊ နောက်တစ်ခါကျတော့ ပုဒ်မ ၄၅၊ ဌာနဆိုင်ရာစစ်ဆေးခြင်း၊ ပြုလုပ်ခြင်းအနေနဲ့ (ဃ)ဆိုတဲ့ အပိုဒ်တွေမှာ ပုဒ်မ ၄၈(ဃ)ဆိုတဲ့ အပိုဒ် တွေမှာ စစ်ဆေးတွေ့ရှိချက်တွေကို အများပြည်သူနဲ့ တိုင်ကြားသူတို့ကို ပွင့်လင်းမြင်သာအောင် ကျွန်တော် ဖော်ပြခြင်းအားဖြင့် ပြင်ဆင်ချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၃။**

**ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ဖြစ်ပါ တယ်။ ကျွန်တော် နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ပတ်သက်ပြီးတော့ အနည်းငယ် ဖြည့်စွက် ဆွေးနွေးလိုပါတယ်။ အခုလိုဆွေးနွေးတဲ့နေရာမှာ အခြေခံအကြောင်းတရားလေးကိုတော့ ပထမဆုံး နိဒါန်း ပျိုးချင်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေဟာ အိန္ဒိယမြို့ပြဝန်ထမ်း (India Civil Service) ပြီးတော့မှ ၁၉၃၅ ခုနှစ်၊ နောက်ပိုင်းမှာ မြန်မာနိုင်ငံမြို့ပြဝန်ထမ်းဆိုပြီးတော့ (Burma Civil Service) အဲဒီကနေပြီးတော့ ဆင်းသက်လာတာဖြစ်ပါတယ်။ ၁၉၈၈ နောက်ပိုင်းမှာ ဒီဥပဒေထက်စာရင် အမိန့်၊ ညွှန်ကြားချက်တွေနဲ့ အုပ်ချုပ်ခဲ့လို့ ဒီအုပ်ချုပ်ရေးစနစ်ဟာ ကျွန်တော်တို့ ပျက်စီးခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ တရုတ်နိုင်ငံက

စတင်လာခဲ့တဲ့ ဒီအုပ်ချုပ်ရေးဆိုင်ရာကြောရိုးလို့ ခေါ်လို့ရမယ့် Meritocracy အရည်အချင်းအကဲဖြတ် စနစ်ဟာ ပျက်စီးခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အခု ၂၀၁၃ မှာ ဒီဥပဒေ ထုတ်ပြန်ပြီးတော့ အုပ်ချုပ်ရေး ဆိုင်ရာပြန်ပြီးတော့မှ ဥပဒေပြုခဲ့တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခန်း(၃)ခန်းနဲ့ ဆွေးနွေးပါမယ်။ အခန်း(၁)မှာ အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်မှာ ပုဒ်မ ၂ ရဲ့ ပုဒ်မ(င)ကို ကျွန်တော် ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ ဒီလိုဆွေးနွေး တဲ့နေရာမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပါဝင်ဖွဲ့စည်းမှုနဲ့၊ ဖြည့်စွက်ချင်တဲ့ အပိုင်း(၃)ပိုင်းကို ကျွန်တော် ဆွေးနွေးလိုပါတယ်။

နိုင်ငံ့ဝန်ထမ်းဆိုတာ အရင်တုန်းကတော့ ပြည်သူ့ဝန်ထမ်း၊ အရပ်ဖက်ဝန်ထမ်း၊ မြို့ပြ ဝန်ထမ်းဆိုပြီးတော့ မြန်မာစကားလုံးတွေနဲ့ သုံးနှုန်းခဲ့ကြပါတယ်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၄ မှာ အစိုးရအမှုထမ်း၊ ပုဒ်မ ၂၁ မှာ ပြည်သူ့ဝန်ထမ်းဆိုပြီးတော့ ပြဋ္ဌာန်းထားတဲ့ ကွဲလွဲချက်နဲ့ နည်းနည်းလေး ကွဲလွဲမှုကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းဆိုတာ အင်္ဂလိပ်လို ဘယ်လိုအဓိပ္ပာယ် ဖွင့်ထား လဲဆိုတာကို ကျွန်တော် ရှာဖွေကြည့်ပါတယ်။ အင်္ဂလိပ်လို အသုံးအနှုန်းတွေကတော့ Public Service, Civil Service လို့ သုံးပါတယ်။ Public Service ဆိုတဲ့ အသုံးအနှုန်းကို ကနေဒါ၊ စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျ နိုင်ငံတွေမှာ သုံးပါတယ်။ Civil Service ဆိုတဲ့ အသုံးအနှုန်းက ဂျာမနီ၊ ဗြိတိန်၊ အိန္ဒိယ၊ ဘရာဇီး၊ ပြင်သစ်နိုင်ငံမှာ သုံးပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေအရဆိုရင် State Civil Service သို့မဟုတ် State Public Service လို့သုံးနှုန်းတာ ဖြစ်ပါတယ်။ ဒီအဆင့်လိုက်ဆိုရင် ကျွန်တော်တို့ State Service ပြည်ထောင်စုဝန်ထမ်းအဆင့်၊ ဒေသဆိုင်ရာအဆင့် Local Service, Hospitality Service လို အဲဒီလို အဆင့်တွေနဲ့ သတ်မှတ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းဆိုတဲ့ ဥပဒေကို State Service ဆိုတာလောက်ကို ကျွန်တော် မသဲမကွဲဖြစ်ပါတယ်။ ဒါကတော့ အဓိပ္ပာယ်ပါ။ နိုင်ငံ့ဝန်ထမ်းနဲ့ပတ်သက်ပြီးတော့။ ဒါကြောင့်မို့လို့ ဒီနိုင်ငံ့ဝန်ထမ်းဆိုတဲ့ ဥပဒေမှာ စကားလုံးကို ပြည်သူ့ဝန်ထမ်းဆိုတဲ့ ဥပဒေစကားလုံးနဲ့ ကျွန်တော် ပြောင်းလဲချင်ပါတယ်။ ဖြည့်စွက်ချင်ပါတယ်။ ပါဝင်ဖွဲ့စည်းမှုကတော့ စင်ကာပူမှာဆိုရင် နိုင်ငံ့ ဝန်ထမ်းတွေက နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း၊ လက်နက်ကိုင်အဖွဲ့အစည်း၊ တရားဥပဒေဆိုင်ရာအဖွဲ့ အစည်း၊ ရဲတပ်ဖွဲ့အားလုံးကို ပေါင်းစပ်ပြီးတော့မှ ပြည်သူ့ဝန်ထမ်းလို့ခေါ်တာပါ။ အဲဒီလိုပဲ မလေးရှား နိုင်ငံမှာလည်း ဗဟိုဝန်ထမ်းအဖွဲ့အစည်း၊ ပြည်နယ်ဝန်ထမ်းအဖွဲ့အစည်းများ၊ ပူးတွဲဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးဝန်ထမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့များအားလုံး ကို နိုင်ငံ့ဝန်ထမ်းလို့ သတ်မှတ်ထားတာပါ။

ဒါကြောင့်မို့လို့ အခု နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ ရဲ့ (င)မှာ ဥပဒေပါ ကိစ္စအလို့ငှာ တပ်မတော်သားများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့များမပါဝင်တဲ့ ဆိုတဲ့ကိစ္စကိုတော့ ကျွန်တော့်အနေနဲ့ နည်းနည်းလေးဖြည့်စွက်ပြီးတော့ စဉ်းစားပေးစေလိုပါတယ်။ နောက်တစ်ခုက ဒီပုဒ်မနဲ့ ပတ်သက်ပြီးတော့ ဖြည့်စွက်ချင်တာကတော့ ဝန်ထမ်းဆိုတာက အနှစ်သာရအရ၊ အဓိပ္ပာယ်အရဖွင့်ဆိုမယ်ဆိုရင် ဝန်ထမ်း ဆိုတာ မြန်မာနိုင်ငံတော်၏ အခွန်တော်အရပ်ရပ်မှ လုံးဝကျခံခြင်းဖြင့်လည်းကောင်း၊ တိုက်ရိုက်သော် လည်းကောင်း၊ လစာ၊ စရိတ်၊ ချေးငွေများကို ကျခံရသည့် အမှုထမ်း၊ အရာထမ်းအားလုံးကို ဆိုလိုတယ်

ဆိုတဲ့အချက် ကျွန်တော် ဆွေးနွေး ထည့်သွင်းစေချင်ပါတယ်။ ဒီအချက်က နည်းဥပဒေမှာတော့ ပြဋ္ဌာန်းထားပါတယ်။ သို့သော်ငြားလည်း ဥပဒေထဲမှာလည်း ဒီအချက်ကို ပိုပြီးတော့ လေးလေးနက်နက် ပြဋ္ဌာန်းစေချင်ပါတယ်။ ဥပဒေမှာ ပြဋ္ဌာန်းတဲ့အတွက် နိုင်ငံသူ/နိုင်ငံသားတွေကလည်း ဒီအချက်ကို ကြည့်ခြင်းအားဖြင့် တော်တော် လေးလေးနက်နက်ကို အဓိပ္ပာယ်ပေါ်လွင်သွားမှာပါ။

နောက် အခန်း(၄)ရဲ့ တာဝန်နဲ့ ဝတ္တရားများဆိုတဲ့ အခန်းမှာ ပုဒ်မ ၁၁၊ ပုဒ်မ(၁၈)ခုနဲ့ ဖော်ပြထားတဲ့အပိုင်းမှာဆိုရင် ပုဒ်မ(င)မှာ ပညာလေ့လာဆည်းပူးခွင့်ကို ဖော်ပြထားပါတယ်။ အဲဒီပုဒ်မမှာ ပညာဆည်းပူးနိုင်ရန် ချေးငွေများထုတ်ချေးခွင့်ဆိုတဲ့အချက်ကို ကျွန်တော် ထည့်သွင်းလိုပါတယ်။ ဒီအချက်က မလေးရှားတို့၊ စင်ကာပူတို့မှာလည်း ဒီနိုင်ငံရဲ့ဝန်ထမ်းတွေကို စွမ်းရည်မြှင့်တင်လာဖို့ အခွင့်အရေးပေးတဲ့အနေနဲ့ ချေးငွေဆိုပြီးတော့ ဝန်ထမ်းလစာတွေကို၊ ဝန်ထမ်းတွေကို အထူးအခွင့်အရေးပေးထားပါတယ်။ ဒီအချက်ကို ကျွန်တော် ထည့်ချင်ပါတယ်။ နောက် ပုဒ်မ ၁၁၊ ပုဒ်မတစ်ခု ထပ်ဖြည့်ချင်ပါတယ်။ ပုဒ်မ ၁၁ မှာ ပုဒ်မငယ်တစ်ခု ထပ်ဖြည့်ချင်ပါတယ်။ အဲဒီအချက်ကတော့ ဝန်ထမ်းသက်ပြည့်ပြီးလို့ အငြိမ်းစားယူတဲ့အခါမှာ ဝန်ထမ်းတွေဟာ လူ့ဂုဏ်သိက္ခာနဲ့ လိုက်လျောညီထွေနေနိုင်ခွင့်ရဖို့ အဆောက်အဦ သို့မဟုတ် တိုက်ခန်းများကို ပိုင်ဆိုင်ခွင့် အထူးအခွင့်အရေးကို ကျွန်တော် ထည့်သွင်း ဖြည့်စွက်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံ့ဝန်ထမ်း တော်တော်များများဟာ အငြိမ်းစား ယူပြီးလို့ရှိရင် အိုးပိုင်၊ အိမ်ပိုင် မရှိလို့ရှိရင် တော်တော်လေးကို ဘဝနိဂုံးချုပ်တဲ့နေရာမှာ တော်တော် ဆိုးဆိုးဝါးဝါးချုပ်တဲ့လူတွေ ကျွန်တော် တွေ့ဖူးပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံ့ဝန်ထမ်းတော်တော်များများဟာ ငွေကြေးလာဘ်လာဘနဲ့ မနီးစပ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေဆိုရင် ဥပမာ ကျန်းမာရေးဝန်ထမ်း၊ ပညာရေးဝန်ထမ်း၊ မိုးဇလဝန်ထမ်း၊ စာကြည့်တိုက်ဝန်ထမ်း၊ လူမှုဖူလုံရေးဝန်ထမ်း၊ သာသနာရေးဝန်ထမ်း၊ စီမံကိန်းဝန်ထမ်းတွေက ဒါ ငွေကြေးလာဘ်လာဘနဲ့ အလှမ်းဝေးပါတယ်။ ဒါကြောင့်မို့လို့ သူတို့အတွက် အထူးအခွင့်အရေးအနေနဲ့ သူတို့ရဲ့ အငြိမ်းစားယူပြီးတဲ့အချိန်မှာ တိုက်ခန်းတို့၊ အဆောက်အဦတို့ ဖြည့်စွက်ချင်ပါတယ်။ ဒီလို ဖြည့်စွက်တဲ့နေရာမှာ ဒီအစိုးရကနေပြီးတော့ ဝန်ထမ်းသက်တမ်းကာလမှာ စုဆောင်းငွေအနေနဲ့ အချိုးအစားတစ်ခုကို တစ်ခါတည်း ဖြည့်စွက်ထားလို့ရှိရင် သူတို့ရဲ့ ဝန်ထမ်းအငြိမ်းစားယူတဲ့အချိန်မှာ သူတို့ရဲ့နိဂုံးဘဝမှာ အေးအေးဆေးဆေးလေးနဲ့ အိုးပိုင်၊ အိမ်ပိုင် နေသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်ကို ကျွန်တော် ထည့်ခြင်းဖြစ်ပါတယ်။

နောက် ပုဒ်မ ၂၃ မှာ ဝန်ထမ်းရာထူးတိုးမြှင့်ရေးအတွက် အနည်းဆုံးလိုအပ်သော ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်နဲ့ လုပ်သက်ဆိုတဲ့ သတ်မှတ်ချက်တွေအပြင် ကျွန်တော်ထည့်ချင်တဲ့အချက်ကတော့ ခေါင်းဆောင်မှုအရည်အသွေးမြင့်မားခြင်း၊ အကျင့်စာရိတ္တဆိုတဲ့ လက္ခဏာတစ်ရပ်ကို ကျွန်တော် ထည့်သွင်းချင်ပါတယ်။ ဒီအချက်ဟာ စင်ကာပူနိုင်ငံရဲ့ ဝန်ထမ်းဥပဒေထဲမှာရှိတဲ့ ရာထူးတိုးမြင့်တဲ့နေရာမှာ ဒီအချက်ကို အတိအကျ ဖော်ပြထားပါတယ်။ အဲဒီအချက်(၂)ချက်ကတော့ ခေါင်းဆောင်မှုအရည်အသွေးမြင့်မားခြင်းနဲ့ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းဆိုတဲ့အချက်ကို ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပုဒ်မ ၂၃ မှာ ဒီအချက်(၂)ချက်ကို ထည့်ချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့တော့ ဒီဥပဒေများပြင်ဆင်တယ်၊ ဥပဒေများရေးဆွဲတဲ့နေရာမှာ ကျွန်တော်တို့ အနေနဲ့ အသေးစိတ်အချက်အလက်ကျကျ ဆွေးနွေးနိုင်ဖို့ အချိန်လုံလောက်စွာ ကျွန်တော်တို့ ပေးသင့်

ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဥပဒေကြမ်းတွေ၊ ဥပဒေပြင်ဆင်ခြင်းတွေနဲ့ ပတ်သက်ပြီးတော့ ဆက်စပ် ဥပဒေတွေ၊ လုံလောက်တဲ့ သတင်းအချက်အလက်တွေ၊ ရည်ညွှန်းဖို့ရှိတဲ့ တစ်ခြားနိုင်ငံရဲ့ ဥပဒေများတွေ၊ နောက်ပြီးတော့ သမိုင်းဆိုင်ရာဖြစ်စဥ်များတွေ၊ သက်ဆိုင်ရာပညာရှင်များနဲ့ တွေ့ဆုံမေးမြန်းခြင်းမှ ရရှိတဲ့အချက်တွေကနေပြီးတော့မှ ခက်ခဲပါတယ်။ ကျွန်တော်တို့က ဒီလို ဥပဒေပြုပြင်ဆင်တာတို့ ဥပဒေဖြည့်စွက်တာတို့မှာ ရရှိတဲ့အချိန်ဟာ အရမ်းကိုနည်းပါတယ်။ ပြီးတော့မှ Facility ခက်ခဲတဲ့အတွက် လေ့လာတဲ့အချိန်မှာ ဥပဒေကြမ်းတွေကို ကျွန်တော်တို့ ဆွေးနွေးမယ်ဆိုရင် တိကျတဲ့အချိန်ဇယားလေး အကြမ်းဖျင်း ဖော်ပြပေးမယ်ဆိုရင် ဘယ်အချိန်မှာ၊ ဘယ်အချိန်မှာ ကျွန်တော်တို့ ဥပဒေဘယ်လို ဆွေးနွေးရမလဲဆိုတာကို အဲဒီအခွင့်အရေးကို ကျွန်တော်တို့ ရရှိမှာပါ။ ဘာကြောင့်လဲဆိုရင် ဥပဒေပြုရေးဆိုတာ ဘက်ပေါင်းစုံကနေပြီး အင်မတန်တိကျတဲ့ ကိုယ်စားပြုမှုအားလုံးပါဝင်ပြီးတော့ ရေးဆွဲပြဋ္ဌာန်းမှသာ အစစ်အမှန်တန်ဖိုးရှိမှာပါ။ ဥပဒေတစ်ခုဟာ ခဏခဏ ပြင်ဆင်နေရလို့ရှိရင် ကျွန်တော်တို့ ကိုယ်စားလှယ် ကျွမ်းကျင်မှုအရည်အချင်းကို ပြက်ရယ်ပြုသလို အဓိပ္ပာယ်သက်ရောက်ပါတယ်။ အဲဒါကြောင့်မို့လို့ အဓိကပြောလိုတာက ဥပဒေကြမ်းများ၊ ဥပဒေပြင်ဆင်ခြင်းများကို ကျွန်တော်တို့ အချိန်ဇယားသော်လည်းကောင်း၊ အချိန်သော်လည်းကောင်း အနည်းငယ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒါကြောင့် အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၂၂ နာရီအချိန်တွင် ရပ်နားပါသည်။]